ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 20 June 2019 ၉၆၈၆

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့်မွေးနေ့မင်္ဂလာအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၉

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-12) ၌ ကျင်းပပြုလုပ်သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။**

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အခမ်းအနားကို နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-12) ၌ ကျင်းပစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

**YBS ယာဉ်လိုင်းများတွင် e-Ticket များ အသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိ**

စာမျက်နှာ ၇ »»

**ကျောင်းတက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီးရေ ၁၀၀၀ လှူဒါန်းမည်**

စာမျက်နှာ ၁၁ »»

09 682 682 682
info@mtb-bank.com
www.mmtourismbank.com
MyanmaTourismBank
မြန်မာ့ခရီးသွားဘဏ်
MTB
မြန်မာ့ခရီးသွားဘဏ်
MYANMA TOURISM BANK
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"

# ကြေးမုံ

## ပြုသူနှင့်ဖျက်သူ၊ ကုသိုလ်နှင့်အကုသိုလ်

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က ရာဇဂြိုဟ်ပြည်တွင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားအမည်ခံ တိတ္ထိဆရာကြီးတစ်ဦးသည် တပည့်များခြံရံလျက် ရာဇဂြိုဟ်၌ ရှိနေ၏။ ထိုစဉ် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူတို့က မြတ်စွာဘုရားရှင်ဟောကြားသော သစ္စာလေးပါးမြတ်တရားသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းတရားအစစ်အမှန်ဖြစ်ကြောင်း သိမြင်ကြသဖြင့် မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဝေဠုဝန်ကျောင်းတော်သို့သွားရောက်၍ ရဟန်းပြုရန် ဆုံးဖြတ်ကြသည်။

ဘုရားရှင်ထံမသွားမီ ၎င်းတို့၏တိတ္ထိဆရာကို လိုက်ပါရန်ခေါ်ဆိုသော်လည်း ငြင်းဆန်နေ၏။ "ဆရာကြီး လောက၌ ဘုရားစစ်၊ ဘုရားမှန် ပွင့်ပေါ်နေပါပြီ၊ ဘုရားဆိုသည်ကို မျှော်လင့်နေကြသော လူတို့သည် ထိုဘုရားရှင်ထံ သွားရောက်ဖူးမြော်ပူဇော်ကြလိမ့်မည်။ ဆရာကြီး ဘဝသည် အချည်းအနှီး အနှစ်သာရမရှိ မဖြစ်ပါစေနှင့်" စသည်ဖြင့် သုံးကြိမ်တိုင်တိုင် ဖျောင်းဖျပြောဆိုကြသော်လည်း "အမောင်တို့ ဆရာကြီးလုပ်ပြီးမှ ငါတပည့်မခံလိုပြီ၊ ရှိပါစေတော့ အမောင်တို့၊ လောက၌ လူမိုက်နှင့်ပညာရှိ လူမိုက်သာများသည် မဟုတ်ပါလော၊ ပညာရှိသူများ ပညာရှိသော ဂေါတမထံ သွားကြလိမ့်မည်၊ လူမိုက်များ ငါ့ထံသို့ လာကြလိမ့်မည်"ဟု အဆုံးသတ်ပြောဆို၍ ကျောင်း၌ နေရစ်ခဲ့သည်။

လောက၌ လူမိုက်နှင့် လူလိမ္မာ၊ ပညာရှိသူနှင့် ပညာမဲ့သူ၊ ကုသိုလ်ပြုသူနှင့် အကုသိုလ်ပြုသူ၊ ကောင်းသောအမှုကို ဆောင်ရွက်သူနှင့် မကောင်းသောအမှုကို ပြုလုပ်သူဟူ၍ရှိရာ မြတ်စွာဘုရားရှင်လက်ထက်တော်ကတည်းက ပညာရှိအသိုက်အဝန်းနှင့် လူမိုက်အသိုက်အဝန်းဟူ၍ ရှိနှင့်ပြီးဖြစ်သည်။ ထို့ကြောင့်လည်း တိတ္ထိဆရာက လူမိုက်အသင်းအပင်းတို့ရှိရန်အတွက် ပူစရာမလိုဟု ဆိုခဲ့ခြင်းဖြစ်သည်။ ပညာရှိအသိုက်အဝန်းထက် လူမိုက်အသိုက်အဝန်းက ပိုများလာသည်။ မျက်မှောက်ကာလတွင်မူ ဆိုဖွယ်ရာမရှိပြီ။

မြတ်စွာဘုရားရှင်သည် ဝေနေယျ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဟောပြောဆုံးမ လမ်းမှန်ညွှန်ပြ ပေးသနားတော်မူရာ၌ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလမ်းကြောင်းမှန်ကိုသာမက လောကလူသားများအားလုံး ကောင်းကျိုးချမ်းသာ တိုးပွားစေမည့် ကျင့်ကြံပွားများအားထုတ်အပ်သော အကျင့်မြတ်တရားများကိုပါ ဟောပြောပြသပေးခဲ့ပါသည်။ ထိုသို့ဟောဖော်ညွှန်ပြသော်လည်း ကုသိုလ်ကောင်းမှုနှင့် ကောင်းကျိုးချမ်းသာတို့ကို ပြုလုပ်သူထက် အကုသိုလ်နှင့် မကောင်းမှုပြုလုပ်ကြသူတို့များနေသည်ကို မြင်တွေ့ကြားသိရမည် ဖြစ်သည်။

လောကလူသားများ ကောင်းကျိုးအတွက် သယ်ပိုးထမ်းရွက်ကြသူများရှိသလို လောကလူသားများကောင်းကျိုးကို ဖျက်ဆီးကြသူများလည်း ရှိသည်။ လူတို့အနေဖြင့် လူကလူသားကောင်းကျိုးကို မသယ်ပိုးနိုင်ပါလျှင်လည်း လောကလူသားအကျိုးကို ဖျက်ဆီးကြသူများ(လူမိုက်များ)နှင့် ဝေးစွာရှောင်ကြဉ်ရမည်ဖြစ်သည်။ လောကလူသားအကျိုးကို ဆောင်ရွက်ကြသူများအပေါ် မုဒိတာပွားများကြရမည်ဖြစ်သည်။ လူသားအချင်းချင်း မေတ္တာတရားထားကြရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးအတွက် ကြိုးပမ်းအားထုတ်ရာတွင် မှန်မြတ်သောစိတ်ထားများ ထားရှိကြရမည်ဖြစ်သည်။ အားလုံးအတူပူးပေါင်းလက်တွဲပြီး တိုးတက်ကောင်းမွန်သည့်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကွဲပြားခြားနားသည့်စိတ်၊ ဘက်ပြိုင်သည့်စိတ်မထားဘဲ တစ်ဦးအပေါ်တစ်ဦး အာဃာတစိတ်၊ ဒေါသစိတ်မထားဘဲ စေတနာ၊ မေတ္တာစိတ်ဖြင့် အတူတူခရီးဆက်သင့်ပေသည်။ လောကလူသားကောင်းကျိုးအတွက် ဆောင်ကြဉ်းကြသူများနှင့် အတူလက်တွဲသင့်ပေသည်။

သို့ဖြစ်ရာ လောကတွင် လူမိုက်နှင့် ပညာရှိ၊ ပြုသူနှင့် ဖျက်သူ ရှိသည်မှန်သော်လည်း လောကလူသားများကောင်းကျိုးကို ဆောင်ကြဉ်းခြင်းသည်သာ မှန်မြတ်သောအမှုဖြစ်သည်ဟု စွဲမြဲစွာခံယူပြီး ကောင်းသောအမှု၊ ကောင်းသောလုပ်ဆောင်မှုများကို အတတ်နိုင်ဆုံး ပွားများကျင့်ကြံအားထုတ်ကြဖို့ တိုက်တွန်းပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ နှစ်ရပ်အစည်းအဝေး (၂/၂၀၁၉) ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက UPR ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်ခြင်းလုပ်ငန်းစဉ် ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအလိုက် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြ၍သုံးသပ်မှုခံယူရန် နိုင်ငံအချင်းချင်း အကြံပြုကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာကို ငါးနှစ် တစ်ကြိမ် တင်သွင်းရာတွင် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပထမအကြိမ်၊ ဒုတိယအကြိမ်အစီရင်ခံစာတို့ကို လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးသို့ ပေးပို့တင်ပြခဲ့ပြီးဖြစ်ရာ ယခုတတိယအကြိမ်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်အစီရင်ခံစာအပေါ် သုံးသပ်မှုခံယူခဲ့စဉ် အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံမှ အကြံပြုတိုက်တွန်းချက် ၂၈၁ ချက်အနက် မိမိတို့နိုင်ငံအနေဖြင့် အကြံပြုချက် ၁၆၆ ချက် လက်ခံခဲ့ကြောင်း၊ ထိုအကြံပြုချက် ၁၆၆ ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ကဏ္ဍ ၁၂ ရပ် ခွဲဝေထားရှိပြီး ကဏ္ဍ ၁၂ ရပ်အပေါ် ဆောင်ရွက်မည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို သတ်မှတ်ခဲ့ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကဏ္ဍနှစ်ခုကို တာဝန်ယူထားရကြောင်း၊ အဆိုပါကဏ္ဍနှစ်ခုမှ ကျား၊ မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သောအုပ်စုများ၊ ကာကွယ်ရေးဆိုင်ရာ အကြံပြုချက်များနှင့် ခွဲခြားမှုမပြုရေးကိစ္စဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီများက ကဏ္ဍအသီးသီးဆိုင်ရာ ဖော်ဆောင်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ ဆက်လက်ဆောင်ရွက်ရန် အချက်များကိုလည်း သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်းပြီး အလေးထားဆောင်ရွက်သွားရန်နှင့် ဩဂုတ်လတွင် အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီသို့ ပေးပို့သွားရန် ညွှန်ကြားမှုရရှိပြီးဖြစ်ကြောင်း၊ အစီရင်ခံစာ ပြုစုရေးလုပ်ငန်းကော်မတီက ပေးပို့သည့် ပုံစံများနှင့်အညီ မိမိတို့လုပ်ငန်းကော်မတီများအနေဖြင့် အစီရင်ခံစာမူကြမ်းကို ပြုစုရမည်ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များ၏ ဆောင်ရွက်ထားရှိမှုရလဒ်များကိုကိန်းဂဏန်းစာရင်းအချက်အလက်များဖြင့် ရေးသားပြုစုပြီးကောင်းမွန်သည့် အစီရင်ခံစာတစ်ခု ဖြစ်မြောက်လာရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က လုပ်ငန်းကော်မတီ နှစ်ရပ်၏ ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အကြံပြုချက် အချက် ၃၀ အပေါ် ကဏ္ဍလေးခုခွဲ၍ဆောင်ရွက်ရန်နှင့် ကဏ္ဍအလိုက်အကျုံးဝင်သည့် အကြံပြုချက်များ၊ အစီရင်ခံစာရေးသားရမည့် သတ်မှတ်ပုံစံများ၊ အစီရင်ခံစာရေးသားရာတွင် ထည့်သွင်းရေးဆွဲသင့်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြ သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် လုပ်ငန်းကော်မတီနှစ်ရပ်၏ အဖွဲ့ဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း ကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

၎င်းအစီရင်ခံစာသည် မြန်မာနိုင်ငံက ဖော်ဆောင်လျက်ရှိသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စများတွင် အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင်၊ ပြည်တွင်းဥပဒေမူဘောင်၊ သက်ဆိုင်ရာဌာနများ၏ မဟာဗျူဟာစီမံချက်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက လက်မှတ်ရေးထိုးထားသည့် Country Program၊ MoU ၊ MoAများ၊ အကြံပြုချက်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသည့် ဆောင်ရွက်ချက်များကို စနစ်တကျစုစည်းရေးသားရန်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ကမ္ဘာကသိစေရန် ဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်(ရွှေဈေး) ၁၀၈၃၀၀၀ - ၁၀၈၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၈၃၀၀၀ - ၁၀၈၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၅/၉၀၅ ကျပ် | ၉၂၀/၉၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၈၅ ကျပ် | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၉၅ ကျပ် | ၈၃၀/၈၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၅/၉၁၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၇/၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၇/၈၅၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၇.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၁.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၂၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၈၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၇၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၉.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၈၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၉.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီကိုလေးအိုစ် ကေမန်နကေ့စ်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှော့ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဟယ်လင်းနစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုလေးအိုစ် ကေမန်နကေ့စ်က ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဂါနာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂါနာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ အာကူရာ ဆီကီဝါ အာဟန်ကော်ရာသည် ယနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှော့ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဂါနာနိုင်ငံ သံအမတ်ကြီး မစ္စ အာကူရာ ဆီကီဝါ အာဟန်ကော်ရာက ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။**



# ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်းအား နိုင်ငံတကာအဆင့်မီအားကစားကွင်းအဖြစ် အဆင့်မြှင့်တင် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်းအား နိုင်ငံတကာအဆင့်မီ အားကစားကွင်းအဖြစ် အဆင့်မြှင့်တင် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သာထွန်းကျော်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တင်ပြဆွေးနွေး**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အောင်ဆန်းအားကစားကွင်းအား နိုင်ငံတကာအဆင့်မီ အားကစားကွင်းအဖြစ် အဆင့်မြှင့်တည်ဆောက်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ Institute of Shanghai Archetetural Design & Research Co.,Ltd. အနေဖြင့် အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဒီဇိုင်းရေးဆွဲခြင်းနှင့် အခြားရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို တရုတ်နိုင်ငံ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က အောင်ဆန်းအားကစားကွင်း ပတ်လည်ရှိ ဈေးဆိုင်ခန်းများကိစ္စ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်များထံ ငှားရမ်းအသုံးပြုသော်လည်း ပြုပြင်ထိန်းသိမ်းခြင်းမရှိသည့် အခြေအနေများကို ထပ်မံဖြည့်စွက်ဆွေးနွေးသည်။

**အားလုံးပူးပေါင်းပါဝင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်း/ရုံများ အဆင့်မီကောင်းမွန်ရေးသည် အရေးကြီးပါကြောင်း၊ လက်ရှိ နိုင်ငံတစ်ဝန်း အသုံးပြုနေသော အားကစားကွင်း/ရုံများကိုလည်း နိုင်ငံတော် ဘတ်ဂျက်အပေါ်မူတည်၍ အဆင့်ဆင့်ပြုပြင်ရန် အစီအစဉ်ရှိပါကြောင်း၊ အောင်ဆန်းအားကစားကွင်းပတ်လည်ဈေးဆိုင်ခန်းများ ငှားရမ်းထားရှိမှုအခြေအနေများ၊ ဆိုင်ခန်းလခ ပေးသွင်းမှုအခြေအနေများ၊ ဆိုင်ခန်းများ စည်းစနစ်တကျရှိရေး ကိစ္စရပ်များ၊ အောင်ဆန်းအားကစားကွင်းရှိ အဆောက်အအုံများဖျက်သိမ်းခြင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအာဏာပိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မူဝါဒချမှတ်ပြုပြင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အောင်မြင်မှုရရှိစေရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနား အထိမ်းအမှတ်အဖြစ် ချိုးငှက်များလွှတ်ခြင်း အလှူဒါနပြုလုပ်စဉ်။

❖ **ရှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မွေးနေ့မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မွေးနေ့ဆုတောင်း**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပမည့် လွှတ်တော်ရေးရာဆောင် (I -12) သို့ ရောက်ရှိရာ တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မွေးနေ့ဆုတောင်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ (၇၄)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားပြီး မွေးနေ့မင်္ဂလာကိတ်မုန့်များကို လှီးဖြတ်ကာ ဝေငှခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား နေ့လယ်စာကျွေးမွေးခြင်း၊ (၇၄)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ချိုးငှက်များ လွှတ်ခြင်း စသည့်အလှူဒါနများ ပြုလုပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ (၇၄) နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားများ ကျင်းပပြုလုပ်သည့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနများသို့ သွားရောက်၍ မွေးနေ့အထိမ်းအမှတ်ကိတ်မုန့်များကို ဝေငှကျွေးမွေးခြင်းနှင့် မွေးနေ့အထိမ်းအမှတ် ဆုမွန်ကောင်းတောင်းခြင်းများ ပြုလုပ်သည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လှည်းကူး ဇွန် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၀/၆)အနီး ဝဲဘက်လမ်းဘေးတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

**ဝိုင်းဝန်းစောင့်ရှောက်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ကျင်းပရသည့် အခမ်းအနားမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြစ်ပြီး ယနေ့တစ်ရက်တည်း စိုက်ပျိုးခြင်း မဟုတ်ဘဲ သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်စိုက်ပျိုးသွားရန်လိုကြောင်း၊ ပြီးခဲ့သည့် နွေရာသီကာလအတွင်း အပူချိန်မြင့်မားခြင်းကို လူတိုင်းခံစားခဲ့ရပြီး နောက်နောင်တွင် အလားတူ အပူချိန်မြင့်မားခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် စိုက်ပျိုးရုံနှင့်မပြီးဘဲ ရှင်သန်ကြီးထွားအောင် အားလုံးအနေဖြင့် ဝိုင်းဝန်းစောင့်ရှောက်ရန်လိုကြောင်း ပြောကြားသည်။

**စုပေါင်းစိုက်ပျိုး**

ထို့နောက် ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပါတီဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကုက္ကိုပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**နိုင်လင်း(လှည်းကူး)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့၌ စည်ကားစွာကျင်းပ




**ရန်ကုန် ဇွန် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အခမ်းအနားများကို ယနေ့တွင် ရန်ကုန်မြို့ရှိ ပြည်သူများနှင့် အဖွဲ့အစည်းများက နေရာအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံကားချပ်ကို လူဦးရေ ၇၄၀ ဖြင့် ပုံဖော်ကာ မွေးနေ့ဆုမွန်ကောင်း တောင်းကြသည်။

အစီအစဉ်တင်ဆက်သူ ကိုမောင်မောင်အေးက "ဒီအထိမ်းအမှတ်ပွဲကို အမေ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်မြတ်နိုးကြတဲ့ ပြည်သူတွေစုပေါင်းပြီး ပြုလုပ်ကြတာပါ။ အမေစုအတွက် သက်တော်ရာကျော်ရှည်စေဖို့ ဆုတောင်းကြတယ်။ ဒီပွဲအပြီးမှာတော့ လာရောက်ကြတဲ့သူတွေအနေနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို အလှူငွေတွေ လှူဒါန်းချင်တဲ့သူတွေအတွက် အလှူငွေတွေစုပေါင်းလိုက်တာ သိန်းတစ်ရာကျော်ရပါတယ်။ အဲဒီအလှူငွေတွေကိုတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရဲ့အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းထံ အပ်နှံလိုက်ပါတယ်"ဟု ပြောသည်။

ညပိုင်းတွင် ဗိုလ်တထောင်စေတီတော်ရင်ပြင်တော်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ပြည်သူများစုပေါင်းကာ ဆီမီး ၇၄၀၀ ကပ်လှူပူဇော်ပြီး မွေးနေ့ဆုမွန်ကောင်းတောင်းမှုများ ပြုလုပ်ကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ရန်ကုန်မြို့ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်တို့ တက်ရောက်ကြသည်။

အလားတူ ရန်ကုန်မြို့၏ ရပ်ကွက်များတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးခြင်းများနှင့် အထိမ်းအမှတ်အခမ်းအနားများကို ပြည်သူများ စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီနှင့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ နိုင်ငံရေးပါတီမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ မြို့မိမြို့ဖများ တွေ့ဆုံ

**စစ်တွေ ဇွန် ၁၉**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ကော်မတီအဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အတွေ့အကြုံရှိပညာရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**ကြားဖြတ်အစီရင်ခံစာတစ်ခုတင်ပြ**

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် နိုင်ငံရေးအတွေ့အကြုံရှိသူများဖြစ်သည့်အတွက် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို လျှော့ချနိုင်ရန်နှင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်သည့်နေရာတွင် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့်နည်းလမ်းများကို အကြံပေးနိုင်ရန် တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် မိမိတို့ကော်မတီ၏ တတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ယခင်ခရီးစဉ်များ၌ ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံရေးပါတီများ၊ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများ၊ အတွေ့အကြုံရှိလူပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများအပေါ် ၎င်းတို့၏အမြင် သဘောထားများနှင့် ပြည်သူများအကြား တွေ့ကြုံခံစားနေရသည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပါကြောင်း၊ ၎င်းတို့၏ အကြံပြုချက်၊ ဆွေးနွေးတင်ပြချက်များကို မခြွင်းမချန်ဘဲ နိုင်ငံတော်သမ္မတထံသို့ ကြားဖြတ်အစီရင်ခံစာတစ်ခု တင်ပြခဲ့ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေးစေလို**

မိမိတို့ကော်မတီ၏အဓိကတာဝန်သည် တွေ့သင့်တွေ့ထိုက်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ အကြံပြုချက်များကို မခြွင်းမချန်ဘဲ အပြီးသတ်အစီရင်ခံစာတစ်ခုရေးသားတင်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း ပဋိပက္ခအကြောင်းပြု၍ ဖြစ်ပေါ်လာသောအကြောင်းအရာ ကိစ္စအရပ်ရပ်တို့ကိုလည်း မိမိတို့ကော်မတီအနေဖြင့် တတ်နိုင်သမျှဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံရေးအတွေ့အကြုံရှိသူများ၊ ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ ပြောနိုင်ဆိုနိုင်သည့် ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို မည်သို့မည်ပုံလျှော့ချရမည်၊ ပဋိပက္ခများကိုအကြောင်းပြုပြီး အပြစ်မဲ့ပြည်သူများ ဒုက္ခခံစားနေရမှုကို မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည် စသည့်အကြောင်းအရာများကို ယခုတွေ့ဆုံပွဲတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးအကြံပြုတင်ပြစေလိုကြောင်း ပြောကြားသည်။



ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အကြံပြုဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာအတွေ့အကြုံရှိပညာရှင်များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းများဖြင့် အဖြေရှာဖြေရှင်းရေး၊ တိုက်ပွဲရှောင်ပြည်သူများမိမိတို့၏ နေရပ်ပြန်နိုင်ရေးနှင့် လုံခြုံစွာနေထိုင်နိုင်ရေး၊ ၎င်းတို့၏ လူမှုရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများ နီးစပ်ရာစာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်ရေး၊ ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို အမြန်ဆုံးလျှော့ချ၍ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်ရမည့်စီမံချက်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ကော်မတီဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ၌ကျင်းပသည်။

**ပို့ဆောင်နှုတ်ဆက်**

တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသည့် အကြောင်းအရာများ၊ တိုက်ပွဲရှောင်ပြည်သူများအရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ တစ်ဆင့် ရန်ကုန်မြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက စစ်တွေလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့(၂/ ၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ (၂/ ၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။



**ဝိုင်းဝန်းအဖြေရှာ**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး အထူးစီးပွားရေးဇုန်စီမံကိန်းများကို သိသိသာသာတိုးတက်မှုရှိစေရေး ရှေ့ဆက်အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်းအဖြေရှာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိ အထူးစီးပွားရေးဇုန် သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် စီးပွားရေးအခွင့်အလမ်းကောင်းများစွာရှိပြီး အချက်အချာကျသည့်အတွက် ပုံမှန်တိုးတက်မှုရှိနေပြီး ဇုန်အတွင်း နိုင်ငံပေါင်း ၁၉ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၀၈ ခုထိ ရင်းနှီးမြှုပ်နှံထားလျက်ရှိပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် စီမံကိန်းများ ရှေ့ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပြီး ကနဦးစီမံကိန်းများအနက် နှစ်လမ်းသွားကားလမ်းဖောက်လုပ်ရေး ကျွမ်းကျင်သူများက လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ အခြေအနေသည် ကနဦးအနေဖြင့် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် Framework Agreement ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများပြည်သူသိရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်တို့အတွက် ပြည်သူအားလုံးပါဝင်လာနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေယာလျော်ကြေးကိစ္စများ၊ ပြန်လည်နေရာချထားနိုင်ရေးကိစ္စများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် လက်ရှိလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဝိုင်းဝန်းအဖြေရှာပြီး ကောင်းမွန်ထိရောက်သည့် နည်းလမ်းများ၊ အကြံဉာဏ်များ၊ သုံးသပ်အကြံပြုချက်များကို ဝိုင်းဝန်းပူးပေါင်းဆွေးနွေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တက်ရောက်လာကြသော ဗဟိုလုပ်ငန်းအဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းများအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများကလည်း သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး Mrs. Alessandra Schiavo နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာ-အီတလီနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်သွားရေး၊ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်၍ အီတလီနိုင်ငံသို့ တင်ပို့နိုင်ရေး၊ အစားအသောက် ဘေးကင်းလုံခြုံစေရေး၊ ထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ်ကောင်းမွန်စေရေးနှင့် တီထွင်ဆန်းသစ်မှုနည်းပညာဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထံနီးလုပ်ကျွေးနှင့် စပ်လျဉ်း၍

## အောင်ခိုင်မြင့် ( ပညာရေး )

**"ညီညာထကြွ၊ ဆုံးမနာယူ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး သင်တွေးအံ့ရှုတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ**"ဆိုတဲ့တပည့်ဝတ္တရားငါးပါးထဲက "ထံနီးလုပ်ကျွေး" ဆိုတဲ့ ဝတ္တရားတစ်ပါးကို ဆွေးနွေးချင်ပါတယ်လို့ ဂျပန်အမျိုးသား ပညာရှင်တစ်ဦးက ဆိုပါတယ်။

"ခင်ဗျားရဲ့အမြင်ကိုပြောပါဦး"

"ဆရာ့အနီးအနားမှာ တပည့်ကပြုစုစောင့်ရှောက် လုပ်ကျွေးရမယ်ဆိုတာ ဖြစ်နိုင်ပ့ါမလား၊ ဆရာတွေဘက်က အခွင့်အရေးယူလွန်းတယ်လို့ တွေးမိလို့ပါဆရာ။"

"ခင်ဗျားတို့နဲ့ ကျွန်တော်တို့က နိုင်ငံချင်းလည်းမတူ၊ လူမျိုးချင်းလည်း မတူ၊ ယဉ်ကျေးမှုထုံးဓလေ့ချင်းလည်း မတူကြဘူးဆိုတာတော့ လက်ခံပါတယ်နော်။"

"ဟုတ်ကဲ့ပါဆရာ"

"ကျွန်တော်တို့တစ်တွေက မိဘနဲ့ ဆရာသမားကို အနန္တောအနန္တဂိုဏ်းဝင်အဖြစ် သတ်မှတ်ယုံကြည်ကိုးကွယ်တော့ မိဘကို ပထမမိဘ၊ ဆရာကို ဒုတိယမိဘလို့ သတ်မှတ်ထားတာ၊ ပထမမိဘနဲ့ ဒုတိယမိဘတို့ကမွေးမှ လူလားမြောက်တယ်လို့ ယုံကြည်ထားကြတာ။"

"ဟုတ်ကဲ့ ပြောပါဆရာ"

"ကျေးဇူးရှင်တွေကို တတ်နိုင်တဲ့ဘက်က ကျေးဇူးဆပ်ကြရမယ်လို့လည်း ခံယူထားသူတွေပါ။ ဒါနဲ့ဆက်စပ်ပြီး မြန်မာနိုင်ငံရဲ့ပညာရေးကို နည်းနည်း ပြောချင်တယ်။"

"ပြောပါဆရာ၊ ကျွန်တော်တို့လည်း ဗဟုသုတရတာပေ့ါ။"

"မြန်မာနိုင်ငံရဲ့ပညာရေးဟာ ဘုန်းတော်ကြီးကျောင်းပညာရေးက စပါတယ်။ ဘုန်းကြီးကျောင်းတွေကတော့ ပျူခေတ်ကတည်းကရှိခဲ့တယ်လို့ လေ့လာမှတ်သားဖူးပါတယ်။ ဘုန်းတော်ကြီးကျောင်းမှာ ဘုန်းတော်ကြီးတွေက ပညာသင်ပေးပြီး ကိုရင်တွေ၊ ဦးပဉ္ဇင်းတွေ၊ ဘုန်းကြီးကျောင်းသားတွေက စာသင်ယူကြရပါတယ်။ နောက်ပိုင်းကာလတွေမှာ မင်းညီမင်းသားတွေ၊ မှူးကြီးမတ်ရာတွေရဲ့ သားသမီးတွေလည်း ဘုန်းတော်ကြီးကျောင်းမှာပဲ ပညာသင်ယူကြရပါတယ်။ လောကီလောကုတ္တရာစာပေတွေကို သင်ယူကြရသလို တစ်ဖက်ကလည်း ဆရာတော်ကြီးတွေ၊ ဘုန်းတော်ကြီးတွေ၊ စာချဆရာတော်တွေရဲ့ဝေယျာဝစ္စတွေကိုလည်း ဆောင်ရွက်ပေးကြရပါတယ်။ ဆွမ်းစားဝိုင်းပြင်ပေးတာတွေ၊ ပန်းကန်ဆေးတာတွေ၊ သပိတ်ဆေးတာတွေ လုပ်ပေးကြရပါတယ်။ ဒ့ါအပြင် ကုဋီဆေးခြင်း၊ ကနုတံဆေးခြင်း၊ ခြေဆုပ်လက်နယ်ပြုလုပ်ပေးခြင်းတို့ကိုလည်း တာဝန်ယူကြရပါတယ်။ တချို့ဒေသတွေမှာဆိုရင် အရုဏ်ဆွမ်းချက်ခြင်း၊ ဆွမ်းချိုင့်ပို့ခြင်း၊ ယူခြင်းတွေကိုလည်း လုပ်ကြရပါတယ်။ ကိုယ့်ကို သင်ကြားပြသပေးတဲ့ ဆရာတော်တွေရဲ့ဝေယျာဝစ္စ၊ ကျောင်းရဲ့ဝေယျာဝစ္စတွေကို ကျေပွန်အောင်လုပ်ပေးကြရတဲ့အတွက် တပည့်ဝတ္တရားထဲမှာ "ထံနီးလုပ်ကျွေး" ကို ထည့်ရခြင်းဖြစ်ပါတယ်။"

"အခုခေတ်မှာရော ဒီလိုအလေ့အကျင့်တွေရှိနေသေးလို့လားဆရာ"

"ရှိတာပေ့ါ။ အခုခေတ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ၊ ပရဟိတပညာရေးကျောင်းတွေမှာ စာသင်ယူနေကြရတဲ့ကလေးတွေဟာ စာသင်ပြီးရင် ရဟန်းသံဃာတွေရဲ့ဝေယျာဝစ္စတွေကို အကုန်လုပ်ပေးကြရတာ။ ဒါလည်း ထံနီးလုပ်ကျွေးခြင်းတစ်မျိုးပဲပေ့ါ"

**"အယူအဆတစ်ခု၊ အဆိုတစ်ခု၊ ပြဋ္ဌာန်းမှုတစ်ခုအပေါ်မှာ အမြင်အမျိုးမျိုး ရှိတတ်ပါတယ်။ လူတွေရဲ့ ရပ်တည်နေတဲ့နေရာ၊ ကျင်လည်ရတဲ့ ဝန်းကျင်၊ ရှိနေတဲ့ အတွေ့အကြုံအပေါ်မူတည်ပြီး အမြင်အမျိုးမျိုး၊ အတွေးအမျိုးမျိုး ရှိတတ်ကြ"**



"စာသင်ကျောင်းတွေမှာတော့ ကလေးတွေရဲ့ဆောင်ရွက်မှုတွေ အကဲဖြတ်တဲ့အခါမှာ ကျောင်းနဲ့ ဆရာ ဆရာမ ဝေယျာဝစ္စ ဆောင်ရွက်မှုဆိုတာပါတယ်။ ထိထိရောက်ရောက်တော့ အကောင်အထည်မဖော်နိုင်ခဲ့ကြပါဘူး။ ဒါပေမယ့် ဆရာ ဆရာမတွေ အငြိမ်းစားယူတဲ့အခါမှာ အဲဒီ "ထံနီးလုပ်ကျွေး"ဆိုတာ ပိုပြီး အဓိပ္ပာယ်ရှိလာတယ်ခင်ဗျ။"

"စိတ်ဝင်စားဖို့ကောင်းလိုက်တာ၊ ဆက်ပြောပါဆရာ"

"အငြိမ်းစားယူပြီးကြတဲ့ ဆရာ ဆရာမများကို ကျောင်းသား ကျောင်းသူများက အခါကြီးရက်ကြီးတွေမှာ ကန်တော့ကြတယ်။ နှစ်စဉ်ကန်တော့ကြတယ်ဆိုတာတွေကတော့ ပုံမှန်လုပ်နေကြတာပါ။ ဒါပေမယ့် လစဉ်ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အနေနဲ့ ကျန်းမာရေးချို့တဲ့တဲ့ ဆရာ ဆရာမတွေကို ဆေးဖိုး ကူညီထောက်ပံ့တာတွေ၊ ကျန်းမာရေးကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လစဉ်ပုံမှန် ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ပေးကြတယ်။ ရောဂါတစ်စုံတစ်ရာတွေ့ရှိရင်လည်း ဆေးရုံဆေးခန်းတွေမှာ ကုသမှုတွေ လုပ်ပေးတယ်။ ကျောင်းသားဟောင်းဆရာဝန်ကြီးတွေက ကုသမှုပြုလုပ်ပေးတယ်။ ဒီဆောင်ရွက်ချက်တွေဟာ "ထံနီးလုပ်ကျွေး"ဆိုတာနဲ့ တိုက်ရိုက်ကိုက်ညီမှုရှိတာကို တွေ့ရပါတယ်။"

"အဲဒါ ကျောင်းတိုင်းမှာရော လုပ်ပါသလားဆရာ"

"ဆရာကန်တော့ပွဲတွေကို အထက်တန်း၊ အလယ်တန်းကျောင်းအားလုံးနီးပါးနဲ့ မူလတန်းကျောင်းတချို့မှာ လုပ်ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိုလည်း ကျောင်းအလိုက်၊ မြို့နယ်အလိုက် တော်တော်များများ ဆောင်ရွက်နေကြပါတယ်။ လစဉ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်တဲ့ ကျောင်းကတော့ ၁၀ ကျောင်း၊ ၁၅ ကျောင်းလောက်ပဲ ရှိပါမယ်။ ကျောင်းနည်းခြင်း၊ များခြင်းဟာ "ထံနီးလုပ်ကျွေး"ဆိုတဲ့ ဝတ္တရားကိုမထိခိုက်စေပါဘူး။ စုစည်းမှု၊ အင်အားရှိမှု၊ ညီညွတ်မှု၊ ဝိုင်းဝန်းပံ့ပိုးမှုအားတွေအပေါ်မှာ မူတည်တာပါ။"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်တပည့်တွေကလည်း သီတင်းကျွတ်ရင် ကျွန်တော်တို့ကို ကန်တော့ကြပါတယ်။ ကိုယ်တွေ့ပါဆရာ"

"ခင်ဗျားကကိုယ်တွေ့ဆိုလို့ ကျွန်တော့်ကိုယ်တွေ့တစ်ခုပြောမယ်"

"ပြောပါဆရာ"

"ကျွန်တော် အ.ထ.က(၂)ဒဂုံ(မြို့မ)ကျောင်းမှာ ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ အဲဒီကျောင်းမှာက အငြိမ်းစား ဆရာ ဆရာမတွေကို လစဉ်ပထမပတ်ရဲ့ တနင်္ဂနွေနေ့တိုင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနေပါတယ်။ လစဉ်လစဉ် အငြိမ်းစားဆရာမ ၈၀ နဲ့ ၁၀၀လောက် လာရောက် ကုသမှုခံယူကြပါတယ်။ တစ်နှစ်မှာတစ်ခါ Medical Check Up ကို အစုံလုပ်ပေးပါတယ်။ သွေးစစ်တယ်။ Ultrasound ရိုက်တယ်။ ECG ဆွဲတယ်။ X-Ray ရိုက်ပေးတယ်။ စစ်ဆေးတွေ့ရှိချက်တွေအပေါ်မူတည်ပြီး တစ်ဦးချင်းစီကို Follow Up လုပ်ပေးပါတယ်။ ကျွန်တော့် Ultrasound မှာ Multiple Gall Stones ဆိုပြီး တွေ့ပါတယ်။ မြို့မကျောင်းသားဟောင်း ဆရာဝန်ကြီးတွေဖြစ်တဲ့ ဒေါက်တာအေးမဉ္ဇူ၊ ဒေါက်တာနေအောင်ထွန်းနဲ့ ဒေါက်တာအောင်ဆက်ဇော်တို့သုံးဦး တိုင်ပင်ကြတယ်။ ရောဂါလက္ခဏာပြမှ ကုသတာထက် ကြိုတင်ကုသထားတာပိုကောင်းတယ်ဆိုပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ တက်ရောက်ကုသဖို့ပြောပါတယ်။ ဒေါက်တာအောင်ဆက်ဇော်က အစစအရာရာ တာဝန်ယူတယ်လို့ပြောပါတယ်။ ကျွန်တော်လည်း အားရှိသွားတာပေ့ါ။ စနေနေ့မှာ ဆေးရုံတက်ဖို့နဲ့ ကြာသပတေးနေ့မှာ Laparoscopic Cholecystectomy လုပ်မယ့်အကြောင်းပြောပါတယ်။ ဆေးရုံစတက်တဲ့နေ့မှာလည်း ဒေါက်တာအောင်ဆက်ဇော်ကိုယ်တိုင်လာစောင့်ပြီး အစစအရာရာအကူအညီပေးပါတယ်။ နေ့တိုင်းလည်း သူကိုယ်တိုင်လာကြည့်ပြီး အားပေးစကားပြောပါတယ်။ သွေးစစ်ဆေးမှု ECG၊ Ultrasound၊ X –Ray၊ HIV နဲ့ B ပိုး C ပိုးတွေမရှိကြောင်း လာရောက်ရှင်းပြပါတယ်။ ခွဲစိတ်တဲ့နေ့မှာလည်း သူကိုယ်တိုင် ခွဲခန်းထဲမှာ တစ်ဦးအပါအဝင်အဖြစ်ပါဝင်ပြီး ဆရာဝန်ကြီး ဒေါက်တာအောင်ခိုင်ဇံ၊ ဒေါက်တာဟန်နီစိုး၊ ဒေါက်တာခင်မိုးဖြူတို့နဲ့အတူ အောင်မြင်စွာ ခွဲစိတ်မှုကို ပြုလုပ်နိုင်ခဲ့ကြပါတယ်။ ခွဲပြီးနောက်ပိုင်းမှာလည်း နေ့တိုင်းလာပြီး ကြည့်ပေးတယ်။ စနေနေ့မှာ ဆေးရုံကဆင်းရပါတယ်။ ဆေးရုံကဆင်းတော့လည်း ဓာတ်လှေကားနဲ့ အောက်အထိ လိုက်ပို့ပေးပါတယ်။ ကဲ ... ဒါထက် "ထံနီးလုပ်ကျွေး"တာ ဘာရှိသေးလဲခင်ဗျာ"

"ယုံပါပြီဆရာ"

"ဆရာ ဆရာမတွေအပေါ်မှာ တပည့်တွေက ကိုယ်မသိသေးတဲ့ပြုစုစောင့်ရှောက်မှုတွေ အများကြီးရှိနေပါသေးတယ်။ ဥပမာ အိမ်ငှားခကို တပည့်တွေက ဆရာကွယ်လွန်တဲ့အထိ ထောက်ပံ့ပေးတာ၊ ကျန်းမာရေးစောင့်ရှောက်မှုကို ကွယ်လွန်တဲ့အထိ ပြုလုပ်ပေးတာ၊ သားသမီးအထောက်အခံမရှိတဲ့ ဆရာ ဆရာမတွေကို အိမ်ဖော်ငှားပေးထားတာတွေ ရှိနေတယ်။ "

"ဆရာရှင်းပြတဲ့အတွက် "ထံနီးလုပ်ကျွေး"ဆိုတဲ့ တပည့်ဝတ္တရားများအပေါ် ကျွန်တော်ရှင်းလင်းသွားပါပြီဆရာ၊ မြန်မာပြည်က ဆရာ ဆရာမတွေကံကောင်းတယ်နော်။ ပြန်ခွင့်ပြုပါဦးဆရာ။ ကျွန်တော်လည်း ကျွန်တော့်ဆရာတွေအပေါ် အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်သွားနိုင်အောင် ကြိုးစားသွားပ့ါမယ်ဆရာ"ဟုဆိုကာ ပြန်သွားပါတယ်။ ကျေနပ်ပြီးဘဝင်ကျသွားပုံရပါတယ်။

အယူအဆတစ်ခု၊ အဆိုတစ်ခု၊ ပြဋ္ဌာန်းမှုတစ်ခုအပေါ်မှာ အမြင်အမျိုးမျိုးရှိတတ်ပါတယ်။ လူတွေရဲ့ရပ်တည်နေတဲ့နေရာ၊ ကျင်လည်ရတဲ့ဝန်းကျင်၊ ရှိနေတဲ့အတွေ့အကြုံအပေါ်မူတည်ပြီး အမြင်အမျိုးမျိုး၊ အတွေးအမျိုးမျိုး ရှိတတ်ကြပါတယ်။ အဆိုးမြင်နဲ့မဟုတ်ဘဲ အကောင်းမြင်တဲ့စိတ်နဲ့ ဝေဖန်တာ၊ အကြံပြုတာတွေကို လက်ခံသင့်ရင် လက်ခံကြရမှာပါ။ လက်မခံသင့်ရင်လည်း အကျိုးနဲ့ အကြောင်းနဲ့ ကိုယ့်ရဲ့ရပ်တည်ချက်၊ ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေကို ရှင်းပြပြီးငြင်းပယ်ရမှာပါ။ လက်ခံဖို့လည်း ဝန်မလေးသင့်သလို ငြင်းပယ်ဖို့လည်း ရဲရင့်ကြရမှာဖြစ်ပါတယ်။ သားအဖနှစ်ယောက်နဲ့ မြည်းတစ်ကောင်ပုံပြင်ထဲကလို ဟိုလူပြောဟုတ်နိုးနိုး၊ ဒီလူပြောဟုတ်နိုးနိုးနဲ့ဆိုရင် ပြင်လို့ကိုပြီးတော့မှာ မဟုတ်တော့ပါဘူးခင်ဗျား ။ ။

တပည့်ဝတ္တရားငါးပါးကို အစဉ်လေးစားလိုက်နာလျက် ........

# အရိပ်ရသစ်ပင် ၆၀၀ စုပေါင်းစိုက်ပျိုး

**ကျောက်ဆည် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်ဒိုင်းစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့ နံနက် ၈ နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ကျောင်းအတွင်းစုပေါင်းသစ်ပင်စိုက်ခြင်းပြုလုပ်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏စိတ်ထဲတွင် သစ်ပင်ချစ်စိတ်များဝင်လာစေပြီး ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ဖြစ်စေရန်အတွက် ကျောင်းအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးညီညီဖြိုးက ရှင်းလင်းပြောကြားသည်။

အဆိုပါသစ်ပင်စိုက်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူရွာသားများက ပျော်ရွှင်စွာဖြင့် ခရေ၊ ငု၊ ကျွန်း၊ ယူကလစ်အပင် ၅၀စီနှင့် ရေတမာ၊ တမာ၊ စိန်ပန်း၊ မဲဇလီအပင် ၁၀၀ စီ စုစုပေါင်း အပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သက်မောင် (ပြန်/ဆက်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့သို့ရောက်ရှိပြီး ငါ့သရောက်မြို့ အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မေတ္တာရေစင် ကျေးလက်ရေရရှိရေးအသင်းနှင့် အလှူရှင်များစုပေါင်းလှူဒါန်းထားသည့် စက်ရေတွင်းနှင့် ရေသန့်စက်တို့ကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသထုတ်ကုန်များကို ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ပြီး ထုပ်ပိုးမှုပုံစံများ ခေတ်မီစွာဆောင်ရွက်နိုင်ပါက ဒေသတွင်းသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ဒေသတွင်း ဝင်ငွေတိုးတက်ကောင်းမွန်ပြီး တစ်ဦးချင်းမှစ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်များအား ကုန်းလမ်းမှသာမက ဧရာဝတီမြစ်အားအသုံးပြု၍ ရေလမ်းကြောင်းမှပါ ပို့ဆောင်ခြင်းများ ပါဝင်ဆောင်ရွက်၍ ဈေးကွက်ရှာဖွေရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသ၏ အဓိကအခက်အခဲမှာ ရေရရှိရေးဖြစ်သဖြင့် နိုင်ငံတော်သို့ တင်ပြပေးမည်ဖြစ်သကဲ့သို့ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ နည်းလမ်းရှာဖွေကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။


ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် DENTOMEC သွားတိုက်ဆေး၊ သွားတိုက်တံများ ပေးအပ်သည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငါ့သရောက်မြို့ရှိ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် သူရဲကောင်း အာဇာနည် ငါ့သရောက်ဇာတိဖွား ပုဂံဗိုလ်ချို၏ ကောင်းမှုတော် မြနန္ဒာကျောက်ထီးဘုရားသို့ ရောက်ရှိကြပြီး ဘုရားအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများအား ဂေါပကထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ CETC ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electronic Technology(Group) Corporation(CETC) ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Xiong Qunli နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ့တပ်မတော်၏ Electronic နည်းပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ နည်းပညာရပ်ဆိုင်ရာ တရုတ်-မြန်မာ ပူးတွဲစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# YBS ယာဉ်လိုင်းများတွင် e-Ticket များ အသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်မြို့တွင် ပြေးဆွဲသွားလာနေသော YBS ယာဉ်လိုင်းများတွင် လိုက်ပါစီးနင်းနေကြသော ခရီးသွားပြည်သူများနှင့် ပြေးဆွဲပေးနေသောယာဉ်လိုင်းများပါ နှစ်ဦးနှစ်ဖက်မှန်ကန်သည့်အကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်အတွက် YBS ယာဉ်လိုင်းများတွင် e-Ticket များကို ယခုနှစ်အတွင်း အသုံးပြုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) အနေဖြင့် ဦးစားပေးကဏ္ဍတစ်ခုအဖြစ်ဆောင်ရွက်လျက်ရှိကြောင်း YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ YRTA ရုံးချုပ်တွင်ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံပွဲ(၃/၂၀၁၉)တွင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"e-Ticket ကို အကောင်အထည်ဖော်ဖို့က YRTA ရဲ့ ရည်မှန်းချက်တစ်ခုဖြစ်ပြီး ဒီနှစ်အတွင်းမှာ အကောင်အထည်ဖော်နိုင်အောင်လို့ နံပါတ်(၁) ဦးစားပေးအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ e-Ticket ကို အသုံးပြုခြင်းအားဖြင့် စီးနင်းသူရော ယာဉ်လိုင်းပါ မှန်ကန်တဲ့အကျိုးဖြစ်ထွန်းမှုတွေ ရရှိစေမှာပါ "ဟု ၎င်းက ဆိုသည်။

e-Ticket စနစ်ကို အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်ရမှုအပိုင်းများမှာ အသေးစိတ်ပြီး ကျယ်ပြန့်နက်နဲခြင်းကြောင့် ချက်ချင်းလုပ်ဆောင်၍ မရကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ဖြည်းဖြည်းချင်း အချိန်



ယူလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းစနစ်တွင် ငွေရေးကြေးရေးနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာကိစ္စများပါဝင်သလို နည်းပညာပိုင်းများလည်း ပါဝင်ကြောင်း ယနေ့ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

e-Ticket စနစ်ဖြင့် အသုံးပြုရာတွင် ခရီးသွားပြည်သူများအနေဖြင့် မိမိစတင်စီးနင်းသော မှတ်တိုင်မှသည် ဆင်းသွားသည့်မှတ်တိုင်အထိ အကွာအဝေးပေါ်လိုက်၍ ယာဉ်စီးနင်းခကို ကျသင့်မည်ဖြစ်ပြီး ထိုသို့စီးနင်းသည့် ခရီးအကွာအဝေးပေါ်မူတည်၍ ငွေကြေးပိုင်းဖြတ် သတ်မှတ်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရှင်များက တွက်ချက်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ e-Ticket စနစ်အား စတင်ကျင့်သုံးသည့်ကာလတွင် e-Ticket ဖြင့် ငွေပေးချေမှုများ ပြုလုပ်နိုင်မည်ဖြစ်သလို လက်ရှိအသုံးပြုနေသည့် ငွေထည့်ပုံးများကို ဖျက်သိမ်းခြင်းမပြုဘဲ အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း၊ အကြောင်းမှာ စတင်အသုံးပြုချိန်တွင် လူတိုင်းကတ်သုံးစွဲရန် အခက်အခဲတချို့ရှိနိုင်ကြောင်း၊ အခက်အခဲဟုဆိုရာတွင် ကတ်မဝယ်ဖြစ်သေးခြင်း၊ ကတ်ဖြင့်စီးနင်းရန် အလေ့အထမရှိခြင်း စသည့် အကြောင်းအမျိုးမျိုးဖြစ်ပေါ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ လက်မှတ်ဝယ်ယူမှုအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် လွယ်လင့်တကူ ဝယ်ယူနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ပြောကြားချက်အရ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ရာမည**

ကြေးမုံ

ဇွန် ၂၀၊ ၂၀၁၉

# တရားဥပဒေစိုးမိုးရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ပဉ္စမအကြိမ်ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၉**


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒိန်းမတ်နိုင်ငံသံရုံးယာယီတာဝန်ခံ Ms.Dorte Chortsen တို့ ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်သော တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ပဉ္စမအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


**ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံသံရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများကို ၂၀၁၇ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေရေးဆွဲခြင်း၊ ဥပဒေအရာရှိကျင့်ဝတ်၊ တရားမျှတမှုဆိုင်ရာ စံနှုန်းများနှင့် သုတေသနလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများကိုကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ကယားပြည်နယ်နှင့် ကချင်ပြည်နယ် ဥပဒေချုပ်ရုံးများ၌ လူ့အခွင့်အရေးကွန်ဗင်းရှင်းများနှင့် ဥပဒေအရာရှိကျင့်ဝတ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ “ပြည်သူ့အတွက် တရားမျှတမှု” မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၃)ကို ချမှတ်၍ တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါမဟာဗျူဟာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒိန်းမတ်နိုင်ငံသံရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသူများက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။



အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒိန်းမတ်နိုင်ငံသံရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်(ICJ) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**




### ❋ မြန်မာနိုင်ငံမှ

တိုးတက်နေမည်ဟုလည်း ခန့်မှန်းထားပြီး အထည်ချုပ်လုပ်ငန်းကဲ့သို့သော ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်အစိုးရ၏ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ အရှိန်ပြန်လည်ရရှိလာခြင်းကြောင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများသည်လည်း စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကအရေးပါသော ကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုစီမံကိန်း(MSDP) တွင် ဖော်ပြထားသော မြန်မာနိုင်ငံ၏ စီးပွားရေးရည်မှန်းချက်များကို ရောက်ရှိနိုင်ရန်အတွက် အစိုးရပိုင်းကသာမက ပုဂ္ဂလိကပိုင်းကပါ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်မှသာ မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် အပြုသဘောဆောင်သည့် တိုးတက်မှုအရှိန်ကို ထိန်းထားနိုင်မည်ဖြစ်ပြီး ရေရှည်မျှော်မှန်းထားသည့် ပန်းတိုင်များဆီ အရောက်သွားနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် Gevorg Sargsyan က မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်းက တည်ငြိမ်မှုအားနည်းခဲ့သည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ယခုအခါတွင် တဖြည်းဖြည်းတည်ငြိမ်လာကာ ပြန်လည်အရှိန်ရလာပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၈/ ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်းလည်း ယင်းအစီရင်ခံစာက ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် ယခုထက်နှစ်ဆပိုမိုသည့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိပြီး လက်ရှိစီမံကိန်းများအား ယခုထက်ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မှသာလျှင် မြင့်မားသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အလျဉ်မီအောင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကျစရိတ် အနိမ့်ဆုံးဖြစ်စေမည့် နည်းလမ်းများကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည့်အပြင် လက်ရှိလျှပ်စစ်ဓာတ်အားနှုန်းထားများကိုလည်း ပြင်ဆင်သတ်မှတ်ရန်နှင့် စနစ်တစ်ခုလုံး၏ အားနည်းချက်၊ လိုအပ်ချက်များကို ထိရောက်စွာ ပြင်ဆင်ဆောင်ရွက်သွားရန်လည်း အရေးကြီးကြောင်း အစီရင်ခံစာက အကြံပြုထားသည်။ **ကြေးမုံ**

### »»» ကျောဖုံးမှ

ယနေ့နံနက်ပိုင်းက အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) မြက်ခင်းတုကွင်း၌ ကျင်းပသည်။

ဆီရီဇိုအိုဆာကာ အကယ်ဒမီအသင်းနှင့် အာဆီယံအကယ်ဒမီအသင်းတို့၏ ခြေစမ်းပွဲကို ဩဂုတ် ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အာဆီယံ ဘောလုံးအကယ်ဒမီအသင်းကို မြန်မာနိုင်ငံမှ ငါးဦးအပါအဝင် ကျန်အာဆီယံနိုင်ငံများမှ ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်သည်။ အာဆီယံ Dreams Come True Project အတွက် လူရွေးချယ်မှုကို ဂျပန်ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာအသင်းမှ နည်းပြအဖွဲ့က လာရောက်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားဘောလုံးအကယ်ဒမီ(မန္တလေး)မှ ထွန်းလင်းအောင်(ဒိုက်ဦးမြို့)၊ အောင်ကိုမင်း(ဆိပ်ဖြူမြို့)၊ အောင်ကျော်မင်း (မန္တလေးမြို့)၊ ဇင်မျိုးထွန်း (မန္တလေးမြို့) နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ပုသိမ်)မှ ကျော်သူရဦး (မြောင်းမြမြို့)တို့ ရွေးချယ်ခံခဲ့ရသည်။

ယင်းလူရွေးပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ထားသည့် ဘောလုံးအကယ်ဒမီ ( ရန်ကုန်၊ မန္တလေး၊ ပုသိမ် ) တို့မှ ယူ - ၁၅ ဘောလုံးသမား ၇၆ ဦး ဝင်ရောက်ရွေးချယ်ခံခဲ့သည်။ ဆီရီဇိုအိုဆာကာအသင်းက ကျင်းပမည့် အာဆီယံ Dreams Come True Project ကို ပါဝင်ခွင့်ရရှိခဲ့သည့် ကစားသမား ငါးဦးသည် ဩဂုတ် ၉ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ အာဆီယံအကယ်ဒမီအသင်းနှင့် ပူးပေါင်းရမည်ဖြစ်ပြီး ဩဂုတ် ၁၀ ရက်တွင် ဆီရီဇိုအိုဆာကာ အကယ်ဒမီအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ဩဂုတ် ၁၁ ရက်တွင် ဂျပန်ဂျေလိဂ်ဖလားပွဲစဉ်ကို ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ ဆီရီဇိုအိုဆာကာအသင်း နည်းပြအဖွဲ့ဝင်များသည် အာဆီယံဒေသနိုင်ငံများမှ အသက် ၁၅ နှစ်အောက်ကစားသမားများကို ထပ်မံရွေးချယ်သွားမည် ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ**-MFF

### ❑ အာဆီယံဖူဆယ်မှ

ကမ္ဘောဒီးယားကလပ် Down Town အသင်း၏ အနိုင်ရလဒ်ကြောင့် အုပ်စု (ခ) တွင် MIU အသင်းနှင့် Down Town အသင်းသည် အုပ်စုနောက်ဆုံးပွဲကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်သွားခဲ့ပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇွန် ၁၉ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု (က)၌ ဗီယက်နမ်ကလပ် ဆန်နာတက်အသင်းက တစ်ပွဲကစား သုံးမှတ်၊ ထိုင်းကလပ် ချောင်ဘူရီအသင်းက တစ်ပွဲကစား တစ်မှတ်၊ အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်းက ပွဲကုန် နှစ်ပွဲကစား တစ်မှတ်၊ အုပ်စု (ခ) ၌ မြန်မာကလပ် MIU အသင်းနှင့် ကမ္ဘောဒီးယားကလပ် Down Town အသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ မလေးရှားကလပ် မီလာကာအသင်းက ပွဲကုန် နှစ်ပွဲကစား နှစ်ပွဲစလုံး ရှုံးထားသည်။

အုပ်စုနောက်ဆုံးနေ့အဖြစ် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းကလပ် ချောင်ဘူရီအသင်းနှင့် ဗီယက်နမ်ကလပ် ဆန်နာတက်အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာကလပ် MIU အသင်းနှင့် ကမ္ဘောဒီးယားကလပ် Down Town အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ရွှေမြို့မွေးမြူရေးဇုန်(၂) လုပ်ငန်းလုပ်ကိုင်သူများနှင့်တွေ့ဆုံ



**တပ်ကုန်း ဇွန် ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့်အတူ တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်(၂) ရှင်းလင်းရေးဆောင်သို့ရောက်ရှိပြီး နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ဝင်း၊ နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာစံထွန်းဝေ၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မွေးမြူရေးဇုန်ကော်မတီဝင်များ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအား တွေ့ဆုံ၍ မွေးမြူရေးခြံအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက စူပါကောင်း နို့စားနွားမွေးမြူရေးခြံ၊ ယူနီစန် ဒေသနွားမွေးမြူရေးခြံနှင့် အောင်ချမ်းသာ နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက် (နို့ပြုပြင်ထုတ်လုပ်ရေးစက်ရုံ) သို့ သွားရောက်ပြီး မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ စားကျက်မြေဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါမွေးမြူရေးဇုန်သည် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးတွင် ၂၀၀၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၇၁ ဒသမ ၃၃ ဧက ကျယ်ဝန်းကြောင်း သိရသည်။ **တင်စိုးလွင်**




# မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နည်းပြသစ်ခန့်အပ်ရန် စီစဉ်

**ရန်ကုန် ဇွန် ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နိုင်ငံခြားသားနည်းပြခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

**အပြောင်းအလဲပြုလုပ်**

မြန်မာ ယူ-၁၅ အသင်းကို မတ်လတွင် ပြန်လည်ဖွဲ့စည်းကာ ဂျပန်လူမျိုး တာကူမာအား တာဝန်ပေးအပ်ခဲ့သော်လည်း ဧပြီလအတွင်း ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုတွင် ရလဒ်ကောင်းမရခဲ့သောကြောင့် အပြောင်းအလဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြသစ်ခန့်အပ်ရန် လျှောက်လွှာများ ခေါ်ယူခဲ့ပြီး လျှောက်ထားသူ ၁၆၀ အနက် နောက်ဆုံးငါးဦးကို ရွေးချယ်ထားကာ ယင်းအထဲမှ တစ်ဦး ပြန်လည်ရွေးချယ်မည်ဖြစ်သည်။ နည်းပြသစ်ကို အမြန်ဆုံးခန့်အပ်နိုင်ရန် စီစဉ်နေပြီး ယခုလအတွင်း တာဝန်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၁၅ အသင်းသည် ဧပြီလတွင် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဟောင်ကောင် ယူ-၁၅ ခြေစမ်းခရီးစဉ်တို့ သွားရောက်ခဲ့ရာ ရလဒ်ကောင်းရယူနိုင်ခြင်း မရှိခဲ့ပေ။

မြန်မာ ယူ-၁၅ အသင်းသည် ယခုနှစ်အတွင်း ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲ၊ စက်တင်ဘာလတွင် အာရှ ယူ-၁၆ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နည်းပြသစ်အနေဖြင့် ယင်းပြိုင်ပွဲနှစ်ခုတွင် ရလဒ်ကောင်းရရန် စွမ်းဆောင်ပေးရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲနှစ်ခုအနက် အာရှ ယူ-၁၆ ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**




# ပြည်တွင်းခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမား ၂၆ ဦးစလုံး ခေါ်ဆောင်သွားမည်

**ရန်ကုန် ဇွန် ၁၉**

၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုလနောက်ဆုံးပတ်တွင် ပြည်တွင်းခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၁၂ ရက်မှစတင် လေ့ကျင့်နေသော်လည်း ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားရခြင်း မရှိသေးဘဲ မွန်၊ တနင်္သာရီခြေစမ်းခရီးစဉ်မှသာ ခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၈ ရက်က အိုလံပစ်နေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲအဖြစ် အစိမ်းရောင်အသင်းနှင့် အဝါရောင်အသင်းဟူ၍ နှစ်သင်းခွဲ၍ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ အစိမ်းရောင်အသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အစိမ်းရောင်အသင်းကို ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ ခင်မိုးဝေတို့က ဦးဆောင်ကာ အဝါရောင်အသင်းကို ဝေဝေအောင်၊ ရီရီဦး၊ မေသူကျော်တို့က ဦးဆောင်ကစားခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း အစိမ်းရောင်အသင်းက အခွင့်အရေးများ အသုံးချနိုင်ခဲ့သောကြောင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းမှာပင် လေးဂိုးပြတ် အနိုင်ရနေသည်။

အဝါရောင်အသင်းသည် ဒုတိယပိုင်းတွင်နှစ်ဂိုးပြန်သွင်းနိုင်သော်လည်း အစိမ်းရောင်အသင်းက ဂိုးထပ်ရခဲ့သောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ အစိမ်းရောင်အသင်းအတွက် ဂိုးများကို ဝင်းသိင်္ဂီထွန်းနှင့် ဂျူလိုင်ကျော်တို့က နှစ်ဂိုးစီ၊ လဲ့လဲ့လှိုင်နှင့် ခင်မိုးဝေတို့က တစ်ဂိုးစီသွင်းယူပြီး အဝါရောင်အသင်းအတွက် ဂိုးများကို နုနုနှင့် ရီရီဦးတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တို့တွင် ခြေစမ်းပွဲသွားရောက်ကစားမည်ဖြစ်ပြီး မော်လမြိုင်မြို့၌ ဇွန် ၂၉ ရက်တွင် မွန်ပြည်နယ် Old Star အသင်း၊ ဇွန် ၃၀ ရက်တွင် အား/ကာသိပ္ပံ (မော်လမြိုင်)အသင်း၊ ထားဝယ်မြို့၌ ဇူလိုင် ၂ ရက်တွင် ထားဝယ်လက်ရွေးစင်ဟောင်းအသင်း၊ ဇူလိုင် ၄ ရက်တွင် ထားဝယ် ယူ-၁၇ အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်သန်းသန်းထွေး၊ **ဂိုးနည်းပြ**-ဦးမြကိုမင်း၊ **ဂိုး**-ဇာဇာမြင့်(အား/ကာသိပ္ပံ)၊ မေဇင်နွယ်၊ သန္တာဦး (မြဝတီ)၊ ခိုင်ဇာဝင်း (အား/ကာ)၊ **နောက်တန်း**-အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (YREO)၊ **အလယ်တန်း**-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ သင်းသင်းယု၊ ခိုင်သဇင်ဦး(အား/ကာသိပ္ပံ)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ မေသူကျော် (မြဝတီ)၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ နုနု၊ ရီရီဦး (အား/ကာသိပ္ပံ)၊ ဝင်းသိင်္ဂီထွန်း(မြဝတီ)နှင့် မြတ်နိုးခင် (YREO)တို့ ပါဝင်ကြသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင်လ နောက်ဆုံးပတ်တွင် ပြည်ပခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**



အိုလံပစ်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲအဖြစ် လက်ရွေးစင်အမျိုးသမီး အစိမ်းရောင်အသင်းနှင့် အဝါရောင်အသင်း ယှဉ်ပြိုင်နေစဉ်။

# မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်း၌ မိုးရာသီသစ်ပင်စိုက်ပွဲအခမ်းအနား ကျင်းပ

**ပဲခူး ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပျဉ်ပုံကြီးကျေးရွာ မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်း၌ ဇွန် ၁၅ ရက် နံနက်ပိုင်းက အစုအဖွဲ့များ ဖွံ့ဖြိုးရေးအသင်း(CDA)ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ဝန်ထမ်းများ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းအသင်း(PPA4 SFD)ဥက္ကဋ္ဌ ဦးစိုးဝင်းထွန်းနှင့် ဝန်ထမ်းများ၊ မိုးယွန်းကြီးအင်းဘေးမဲ့တောအုပ်ကြီး ဦးစိုးဝဏ္ဏကြည်နှင့် သစ်တောဝန်ထမ်းများ၊ မိုးယွန်းကြီးအင်းဘေးမဲ့တောအပန်းဖြေစခန်း အထွေထွေမန်နေဂျာ ဦးအောင်ကိုဦး၊ ပျဉ်ပုံကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးစိတ်ဝင်စားသော တောင်သူများ၊ အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သော ဧည့်သည်များက အပန်းဖြေစခန်းတာပေါင်တစ်လျှောက် သစ်ပင်ပျိုးပင်များ တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

စိုက်ပျိုးသော သစ်ပင်များမှာ ကုက္ကို၊ ခရေ၊ ကံ့ကော်၊ ယမနေ၊ စွယ်တော်၊ ငုဝါ၊ ဗာဒံနှင့် စစ်ပင် စသည့် သစ်မျိုးအပင်ပေါင်း ၃၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း သတင်းစာပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

**ရန်ကုန် ဇွန် ၁၉**

မြန်မာနိုင်ငံသတင်းစာအသင်း(ဗဟို)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းက သတင်းစာပညာသင်တန်း (ကျင့်ဝတ်နှင့် ဥပဒေ)များ ပို့ချရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများတွင် ဝါရင့်သတင်းစာပညာရှင်ကြီးများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီးမှ သတင်းစာဆရာကြီးများ၊ ဝါရင့်ဥပဒေပညာရှင်ကြီးများက သတင်းသမားများ စောင့်ထိန်းလိုက်နာရမည့် သတင်းမီဒီယာကျင့်ဝတ်များ၊ သတင်းသမားများ သတင်းရေးသားဖော်ပြရာတွင် သိရှိထားသင့်သော တည်ဆဲဥပဒေများကို စာတွေ့ လက်တွေ့ ပို့ချပေးမည်ဖြစ်သည်။

ပထမအကြိမ် ဖွင့်လှစ်မည့် သတင်းစာပညာသင်တန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမတွင် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်းဖွင့်လှစ်မည့် သင်တန်းသို့ သာကေတ၊ ကျောက်တန်း၊ သန်လျင်၊ ဒလနှင့် တွံတေးမြို့နယ်တို့မှ လက်ရှိသတင်းမီဒီယာများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အသင်းဝင်သတင်းသမား ၃၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းချိန်အပြည့် တက်ရောက်သူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော် (ကမာရွတ်)**




ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၂၀ ရက် မှ ၂၂ ရက်အထိ ကျင်းပမည့် ASEAN Women's Business Conference သို့တက်ရောက်ရန်နှင့် ဆုယူရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ AWEN Myanmar Focal မှ အကြံပေး ဒေါ်ခိုင်ဇော် ဦးဆောင်သောအဖွဲ့ဝင်များနှင့် ASEAN Outstanding Women Entrepreneurs Award ဆုရရှိသူ စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးတို့ ဇွန် ၁၉ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် မထွက်ခွာမီ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ ပိုင်ဖြိုး

# ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ် မြဝတီမြို့တွင် ရိုက်ကူး

**မြဝတီ ဇွန် ၁၉**

ဂျပန်နိုင်ငံ Nippon BS ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် "သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ်" အတွက် ရုပ်သံရိုက်ကူးခြင်းကို ယမန်နေ့က ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီမြို့တွင် ပြုလုပ်ကြသည်။

မြဝတီမြို့တွင် ရိုက်ကူးစဉ်လမ်းတစ်လျှောက်ရှိ လူနေထိုင်မှုပုံစံများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ တိုင်းရင်းသားရိုးရာ အထည်ဆိုင်များ၊ ရိုးရာစားသောက်ဆိုင်များနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းတို့အား ရိုက်ကူးခြင်းဖြစ်သည်။



အဆိုပါအဖွဲ့သည် သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ်အဖြစ် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံနယ်စပ်တို့တွင်လည်း အလားတူရိုက်ကူးခဲ့ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားနှင့် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်တို့တွင်လည်း ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းရိုက်ကူးမှုအစီအစဉ်အား ဂျပန်နိုင်ငံ Nippon BS ရုပ်သံလိုင်း၏ ခရီးသွားအစီအစဉ်တွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကောလင်းမြို့၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ကောလင်း ဇွန် ၁၉**

၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ဇွန် ၁၉ ရက် က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြည်သူ့စကားဝိုင်း ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဆန်းဦးက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာများအကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးအေးလွင်က မူးယစ်ဆေးဝါးရောင်းဝယ်မှုဆိုင်ရာ ဥပဒေများအကြောင်းကို လည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးဆွေက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ငွေမျိုးမြင့်နီက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးအောင်ချက် စစ်ကိုင်းတိုင်းဒေသကြီး တတိယရရှိ

**စစ်ကိုင်း ဇွန် ၁၉**

ပြီးခဲ့သည့်နှစ်က စတုတ္ထရခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးသည် ၂၀၁၉ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၏ တစ်နိုင်ငံလုံးအောင်ချက် တတိယရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး ဦးစီးအရာရှိ ဒေါ်စန်းစန်းလင်းထံမှ သိရသည်။

"ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးက တတိယ ရတယ်။ မနှစ်ကတော့ စတုတ္ထ ရတယ်။ အောင်ချက်အကောင်းဆုံး မြို့နယ် ဘာသာစုံရရှိမှုမြို့နယ်အလိုက် အနည်းအများက စာရင်းလုပ်နေတာ မပြီးသေးဘူး"ဟု ဒေါ်စန်းစန်းလင်းက ပြောသည်။

အောင်ချက်ရာခိုင်နှုန်း ၃၄ ဒသမ ၁၅ ရာခိုင်နှုန်းရှိသော စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်ဘာသာဂုဏ်ထူးရှင် ၄၇၅၀ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၁၄၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၈၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၃၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၃ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်(ဘာသာစုံဂုဏ်ထူးရှင်) ၃၄ ဦးထွက်ပေါ်ရာ ဂုဏ်ထူးရှင်ပေါင်း ၆၅၁၇ ဦး ရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၁၃ မြို့နယ်မှ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲ ၂၀ သည် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်း သုညရခဲ့ရာ ရရှိခြင်းအကြောင်းရင်းကို အဖြေရှာသွားမည်ဖြစ်ကြောင်း သိရသည်။

"လောလောဆယ် ဇီးရိုးရတဲ့ကျောင်း ၂၀ ရှိတယ်။ ဇီးရိုးရ ကျောင်း ၂၀ ကို ဇွန် ၂၀ ရက်မှာ မုံရွာအမှတ်(၃) အထက်တန်းကျောင်းမှာတွေ့ဆုံပြီး ဘာကြောင့် ဇီးရိုးရတယ်ဆိုတဲ့အဖြေကိုရှာကြမှာပါ"ဟု ဒေါ်စန်းစန်းလင်းက ပြောသည်။

သုညရာခိုင်နှုန်းရသည့် ကျောင်း ၂၀ တွင် ကလေးမြို့နယ်မှ လေးကျောင်း၊ ပုလဲ၊ တမူး၊ ဟုမ္မလင်းနှင့် လဟယ်မြို့နယ်များမှ နှစ်ကျောင်းစီနှင့် စစ်ကိုင်း၊ ရေဦး၊ ခင်ဦး၊ ချောင်းဦး၊ ကသာ၊ အင်းတော်နှင့် လေရှီးမြို့နယ်တို့မှ တစ်ကျောင်းစီပါဝင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**



## မန္တလေးမြို့တွင် ပြည်ကြီးတံခွန်နှင့် အောင်မြေသာစံတို့၌ ပါရာဒီဆိုရုပ်ရှင်ရုံများ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၉**
ပြည်ကြီးတံခွန် ပါရာဒီဆိုရုပ်ရှင်ရုံဖွင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၂) လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အဆိုပါ ရုပ်ရှင်ရုံ၌ ယနေ့ မွန်းလွဲ ၃ နာရီက ကျင်းပသည်။

ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်ကြီးတံခွန် ပါရာဒီဆိုရုပ်ရှင်ရုံအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။




အလားတူ အောင်မြေသာစံ ပါရာဒီဆိုရုပ်ရှင်ရုံဖွင့်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၂၆) လမ်း၌ ယနေ့ ညနေပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Paradiso Cinemas Co.,Ltd. မှ အမှုဆောင်ဒါရိုက်တာ ဦးဇာဂနာက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ရုပ်ရှင်ရုံဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Paradiso Cinemas Co.,Ltd . မှ အမှုဆောင်ဒါရိုက်တာ ဦးဇာဂနာနှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရုပ်ရှင်ချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အကြိုအထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေနံချောင်းမြို့၌ ကျင်းပ

**ရေနံချောင်း ဇွန် ၁၉**
အပူပိုင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အပူရှိန်လျှော့ချရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အကြိုအထိမ်းအမှတ်အဖြစ် ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် မွန်းလွဲ ၃ နာရီခွဲက ရေနံချောင်းမြို့ မြို့ရှောင်လမ်း မိုင်တိုင်(၆/၅)အနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင် ၅၀ ခန့် တက်ရောက်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမာန်ကိုဟော၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်နေဂျာ ဦးခွန်မျိုးသန့်၊ ရေနံ့သာစိမ်းလန်းစိုပြည်ရေးကွန်ရက် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်၊ မင်းမော်ကွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များ၊ တက်ရောက်လာသူများက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ပံ့ပိုးကူညီပေးသည့် ရှားပင်၊ တမာပင်နှင့် ကုက္ကိုပင် စုစုပေါင်း အပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**

## အရှေ့တောင်အာရှအပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလှေလှော်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၉**
ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ဇွန် ၂၀ မှ ၂၃ ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှ သက်ငယ်တမ်းနှင့်သက်ကြီးတမ်း အနောက်တိုင်း လှေလှော်ဖိတ်ခေါ်ပြိုင်ပွဲ၊ အရှေ့တောင်အာရှ ကနူးလှေလှော်ဖိတ်ခေါ်ပြိုင်ပွဲ (2019 South East Asian Rowing and Conoeing Championship) သို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာလှေလှော်အားကစားအဖွဲ့တွင် အသင်းအုပ်ချုပ်သူ ဦးခင်မောင်မြင့်၊ နည်းပြချုပ် ဦးကျော်ဝင်း၊ အင်္ဂလန်နှင့် ဟန်ဂေရီနည်းပြများနှင့် အားကစားသမား ၁၅ ဦးတို့သည် ယမန်နေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

အဆိုပါပြိုင်ပွဲ၌ မြန်မာအသင်းသည် အမျိုးသားပွဲစဉ်တွင် LM 1X၊ LM 2X ၊ M 2 ပြိုင်ပွဲများ၊ အမျိုးသမီးပြိုင်ပွဲတွင် LW 1X ၊ LW 2X ၊ W 2 တို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကျောင်းတက်ရန်အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီးရေ ၁၀၀၀ လှူဒါန်းမည်

**ရန်ကုန် ဇွန် ၁၉**
မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးလက်ဒေသများတွင် ခရီးအကွာအဝေးကြောင့် ကျောင်းတက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် IKBZ အာမခံလုပ်ငန်းနှင့် ပြည်တွင်းပရဟိတအဖွဲ့အစည်း Lesswalk နှင့်ပူးပေါင်းကာ စက်ဘီးအစီးရေ ၁၀၀၀ လှူဒါန်းသွားမည်ဟု ဇွန် ၁၉ ရက်က IKBZ အစည်းအဝေးခန်းမတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်းစက်ဘီးများကို အိမ်နှင့်ကျောင်းဝေးကွာပြီး သွားလာရာတွင် အချိန်အများကြီးပေး၍ ပညာသင်ကြားနေရသော ကလေးငယ်များအတွက် အဓိကရည်ရွယ်ကာ အနည်းဆုံးလိုအပ်သည့် ဝင်ငွေအောက်တွင်ရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော၊ ဆင်းရဲနွမ်းပါးသော်လည်း ပညာရေးတွင် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို အဓိကထား ဦးစားပေး ပေးအပ်သွားမည်ဟု သိရသည်။



IKBZ ၏ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က "IKBZ အာမခံလုပ်ငန်းရဲ့ ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လှူဒါန်းခြင်းဖြစ်ပါတယ်။ ပညာရေးက အနာဂတ်မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံး ကိစ္စတစ်ခုဖြစ်တဲ့အပြင် အမှန်တကယ်လိုအပ်နေတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အာမခံလုပ်ငန်းမှ တစ်ဆင့် မြန်မာနိုင်ငံရဲ့ လူမှုဘဝ အရည်အသွေး တိုးတက်စေဖို့ Lesswalk နဲ့အတူ အခုလို ပူးပေါင်းဆောင်ရွက်ခဲ့တာပါ"ဟုပြောသည်။

ကျေးလက်ဒေသများတွင် နေထိုင်သည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းသို့လမ်းလျှောက်သွားရန်အတွက် တစ်နာရီ၊ တစ်နာရီကျော်ကြာ အချိန်ယူကြရသည်။ စက်ဘီးဖြင့် သွားရောက်ခြင်းဖြင့် အချိန်ကုန်သက်သာစေပြီး လေ့လာသင်ယူမှုများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။

ပြည်တွင်းပရဟိတလုပ်ငန်း Lesswalk အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးလက်နေ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီးရေ တစ်သောင်းအထိ လှူဒါန်းသွားရန်ရှိပြီး ကနဦးလှူဒါန်းမှု အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်များရှိ အစိုးရကျောင်း၊ မိဘမဲ့ကျောင်းများရှိ ကလေးများအတွက် လိုအပ်နေသည့် စက်ဘီး အစီးရေ ၄၀၀ ကျော်ကို လှူဒါန်းပေးခဲ့ပြီး ဖြစ်သည်။

**ခင်ဇာလီ**

## လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဇွန် ၁၉**
တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ဝင်းမြင့်က တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တိုင်းဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လူငယ်များသိသင့်သည့် ဥပဒေရေးရာများကိုလည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွေးမြစိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးများကိုလည်းကောင်း၊ အမှတ်(၃၃) မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူးစံသောင်းက မူးယစ်တပ်ဖွဲ့စု၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း အသိပညာပေး ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးဂြိုဟ်တုအား ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်



**ကိုလံဘို ဇွန် ၁၉**

သီရိလင်္ကာနိုင်ငံ၏ ပထမဦးဆုံးဂြိုဟ်တု ရာဝဏ-၁ ကို ဇွန် ၁၇ ရက် ညနေပိုင်းတွင် နိုင်ငံတကာ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဂျပန်နှင့် နီပေါနိုင်ငံတို့မှ ဂြိုဟ်တုနှစ်လုံးနှင့်အတူ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း သီရိလင်္ကာအစိုးရပြန်ကြားရေးဌာနက ဇွန် ၁၈ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံ၏ ပထမဦးဆုံးဂြိုဟ်တုအား လွှတ်တင်နိုင်ခဲ့ခြင်းသည် ယင်းကျွန်းနိုင်ငံက ကမ္ဘာလုံးဆိုင်ရာ အာကာသခေတ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် အမှတ်အသားလည်း ဖြစ်သည်။ ရာဝဏ-၁ အမည်ရှိ သုတေသနဂြိုဟ်တုကို အာသာစီကလပ်စ် ခေတ်မီနည်းပညာဆိုင်ရာတက္ကသိုလ်နှင့် ပီရာဒီနီယာတက္ကသိုလ်တို့မှ သီရိလင်္ကာကျောင်းသားနှစ်ဦးက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသုတေသနဂြိုဟ်တုသည် သီရိလင်္ကာနိုင်ငံနှင့် ပတ်ဝန်းကျင်ဒေသများအား ဓာတ်ပုံရိုက်ယူခြင်းအပါအဝင် လုပ်ငန်းတာဝန်ငါးရပ်ကို အပြည့်အဝ လုပ်ဆောင်နိုင်မည်ဟု ဆိုသည်။

ရာဝဏ-၁ သုတေသနဂြိုဟ်တုသည် ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ၄၀၀ အမြင့်တွင် ဝန်းပတ်ပျံသန်းမည်ဟု မျှော်လင့်ရသည်။

ယင်းဂြိုဟ်တု၏သက်တမ်းသည် အနိမ့်ဆုံးတစ်နှစ်ခွဲကြာမြင့်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ**

# မလေးရှားလေကြောင်းလိုင်း MH17 လေယာဉ်ကို ဒုံးကျည်ဖြင့်ပစ်ချသူများအား ဖော်ထုတ်




**အမ်စတာဒမ် ဇွန် ၁၉**

၂၀၁၄ ခုနှစ်က ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ မလေးရှားလေကြောင်းလိုင်း MH17 လေယာဉ်ကို ဒုံးကျည်ဖြင့် ပစ်ချခဲ့သည်ဟု သံသယရှိသူလေးဦးအား စုံစမ်းစစ်ဆေးသူများက ဖော်ထုတ်ကာ သေဒဏ်ချမှတ်ရန် စွဲချက်တင်ခဲ့ကြောင်း ယနေ့အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့က အဆိုပါ သံသယရှိသူလေးဦးအား နယ်သာလန်နိုင်ငံတွင် တရားစီရင်ချက်ချမှတ်မည်ဖြစ်သည်ဟု ဇွန် ၁၉ ရက်တွင်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုများ၏ နောက်ဆုံးရလဒ်ထွက်ပေါ်မှုအရ ယူကရိန်းနိုင်ငံအတွင်း ရုရှားထိန်းချုပ်သည့် ဒေသတစ်နေရာမှ ရုရှားနိုင်ငံလုပ် ဒုံးကျည်တစ်စင်းဖြင့် အဆိုပါလေယာဉ်အား ပစ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစိုးရရှေ့နေ ဖရက်ဝက်စ်တာဘီကီက လေယာဉ်အား ဒုံးကျည်ဖြင့်ပစ်ချခဲ့သော အဆိုပါ သံသယရှိသူလေးဦးအား သေဒဏ်အမိန့်ချမှတ်ရန် စွဲချက်တင်ထားသည်ဟု သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ခရီးသည် ၂၉၈ ဦး လိုက်ပါစီးနင်းခဲ့သည့် အဆိုပါ မလေးရှားလေကြောင်းလိုင်း MH17 လေယာဉ်သည် လွန်ခဲ့သောငါးနှစ်အကြာက ကွာလာလမ်ပူမြို့မှ အမ်စတာဒမ်မြို့သို့ ပျံသန်းလျက်ရှိစဉ် ယူကရိန်းအရှေ့ပိုင်းတစ်နေရာ၌ ဒုံးကျည်ဖြင့် ပစ်ချခြင်းခံခဲ့ရပြီး လေယာဉ်ပေါ်လိုက်ပါခဲ့သူအားလုံး သေဆုံးခဲ့ရသည်။

အဆိုပါ သံသယရှိသူလေးဦးသည် ရုရှားနိုင်ငံသားသုံးဦးနှင့် ယူကရိန်းနိုင်ငံသားတစ်ဦးတို့ ဖြစ်သည်။ ၎င်းတို့က စစ်လေယာဉ်နှင့် ခရီးသည်တင်လေယာဉ်တို့အား မှားယွင်းကာ ဒုံးကျည်ဖြင့်ပစ်ချခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးမှုများအရ သိရသည်။ ၎င်းတို့၏အမှုကြားနာစစ်ဆေးခြင်းကို လာမည့်နှစ် မတ်လတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံမှ ငလျင်လှုပ်ခတ်ခဲ့သည့်ဒေသများ၌ မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**တိုကျို ဇွန် ၁၉**

ဂျပန်နိုင်ငံတွင် ဇွန် ၁၈ ရက် ညပိုင်းက အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကို ခံစားခဲ့ရသည့်ဒေသများ၌ မိုးရွာသွန်းမှုများ ဖြစ်ပေါ်နေ၍ မြေပြိုမှုများဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း ဒေသတွင်းနေထိုင်သူများအား မိုးလေဝသဆိုင်ရာ တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဂျပန်ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ နီဂီတာနှင့် ယာမာဂါတာစီရင်စုများ၌ ဇွန် ၁၉ ရက် နံနက်အစောပိုင်းတွင် မိုးစတင်ရွာသွန်းခဲ့သည်။

တစ်နာရီလျှင် မိုးရေချိန် ၂၀ မီလီမီတာအထက်ရရှိသည့် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် မိုးကြိုးမုန်တိုင်းများ တစ်ပါတည်းဖြစ်ပေါ်နိုင်ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့ရာဒေသတွင် ယင်းအခြေအနေမှာ ဇွန် ၁၉ ရက် ညနေပိုင်းထိတိုင်အောင် ဖြစ်ပေါ်နိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

ယင်းဒေသများ၌ မြေငလျင်လှုပ်မှုကြောင့် မြေပြိုမှုများဖြစ်နိုင်ခြေတိုးမြင့်လာနိုင်ပြီး လူအသေအပျောက်ရှိနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်။

မြေလွှာလှုပ်ရှားမှုများ မြင့်မားလျက်ရှိပြီး ဇွန် ၁၉ ရက် နံနက် ၁၁ နာရီမတိုင်မီအထိ နောက်ဆက်တွဲမြေငလျင် ၁၈ ကြိမ် လှုပ်ရှားခဲ့ကြောင်း အင်အားပြင်းထန်သည့်နောက်ဆက်တွဲမြေငလျင်လှုပ်ရှားမှုများအတွက် ဒေသခံများအနေဖြင့် ရက်သတ္တပတ်အတွင်း၌ သတိဝီရိယထား နေထိုင်သင့်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာပေါ်၌ ၂၀၁၈ ခုနှစ်အကုန်တွင် လူ သန်း ၇၀ ကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးရ



**ဂျီနီဗာ ဇွန် ၁၉**

၂၀၁၈ ခုနှစ် အကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ လူပေါင်းသန်း ၇၀ ကျော်တို့သည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း၊ ဒုက္ခသည်များနှင့် နိုင်ငံရေးအရ ခိုလှုံရာရှာဖွေသူများ၏အရေအတွက် အစစ်အမှန်ကို ထိန်းထိန်းသိမ်းသိမ်းခန့်မှန်းဖော်ပြထားမှုဖြစ်ပြီး ၎င်းပမာဏမှာ စံချိန်တင်များပြားကြောင်း ကုလသမဂ္ဂမှ ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

ယင်းအစီရင်ခံစာကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (ယူအင်န်အိတ်ချ်စီအာရ်)က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်အကုန်တွင် နေအိမ်များမှ စွန့်ခွာထွက်ပြေးရသူအရေအတွက်မှာ ၇၀ ဒသမ ၈ သန်းဖြစ်ကြောင်း ဖော်ပြသည်။

၂၀၁၇ ခုနှစ်အကုန်တွင် ကမ္ဘာတစ်ဝန်း၌ နေအိမ်များမှ စွန့်ခွာထွက်ပြေးရသူ ဦးရေ ၆၈ ဒသမ ၅ သန်းရှိပြီး ယင်းတို့မှာ အကြမ်းဖက်မှုများ သို့မဟုတ် ဖိစီးနှိပ်စက်မှုများကြောင့် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရခြင်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ နေရပ်စွန့်ခွာထွက်ပြေးရသူ အရေအတွက် တလိပ်လိပ်မြင့်တက်လာရခြင်းမှာ အီသီယိုးပီးယားတွင် မျိုးနွယ်စုများအတွင်း ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ဗင်နီဇွဲလားနိုင်ငံတွင် စီးပွားရေးအဆောက်အအုံပြိုပျက်မှုကြောင့် နေ့စဉ်လိုအပ်ချက်ဖြစ်သည့် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်လပ်မှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများ နေ့စဉ်ပင် နေအိမ်များကို စွန့်ခွာထွက်ပြေးမှုများ မှာလည်း အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက မှတ်ယူထားသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ၂၀၁၆ ခုနှစ်ကတည်းကစ၍ နေအိမ်စွန့်ခွာပြေးသူဦးရေ ၃ ဒသမ ၃ သန်းရှိပြီဖြစ်သည်ဟု ခန့်မှန်းရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံ ရုရှားထုတ်ဖော်ပြသ

**မော်စကို ဇွန် ၁၉**

အာတိတ်ဒေသ မာမန့်ခ်မြို့တော် ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ခုကို ရုရှားနိုင်ငံက မီဒီယာများသို့ ထုတ်ဖော်ပြသခဲ့သည်။ ရုရှားနိုင်ငံပိုင် နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း Rosatom က ရေယာဉ်ပုံစံ နျူကလီးယားဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုစက်ရုံက လူနေနည်းပါးသော ဒေသများ၊ အာတိတ်ဒေသနှင့် ရုရှားအရှေ့ဖျားဒေသသို့ လျှပ်စစ်ဓာတ်အား ပေးပို့မည်ဖြစ်သည်။ အကဲဒမက်ခ်လိုမိုနိုဆော့ဗ် နျူကလီးယားစက်ရုံမှာ ရုရှားသိပ္ပံပညာရှင်တစ်ဦး၏အမည်ကို ပေးထားခြင်းဖြစ်သည်။ ၁၄၄ မီတာ ရှည်ပြီး မီတာ ၃၀ ကျယ်သည့် အဆိုပါရေပေါ် နျူကလီးယားဓာတ်အားပေးစက်ရုံကို တွန်းသင်္ဘောများဖြင့် လွတ်လွတ်လပ်လပ် ရွှေ့ပြောင်းနိုင်အောင် စီစဉ်ထားသည်။ ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်ထားသည့် မဂ္ဂါဝပ် ၃၅ စီရှိ ဓာတ်ပေါင်းဖိုနှစ်လုံးမှာ အသေးစားအပူပေး ဓာတ်အားပေးစက်ရုံတစ်ခုနှင့် ညီမျှမှုရှိပြီး လူပေါင်း ၁၀၀၀၀ ကျော်အတွက် လျှပ်စစ်မီး အလုံအလောက်ပေးဝေနိုင်ကြောင်း Rosatom ကော်ပိုရေးရှင်းက ပြောသည်။

နျူကလီးယားလောင်စာများ တင်ဆောင်ထားသည့် အဆိုပါရေပေါ်ဓာတ်အားပေးစက်ရုံသင်္ဘောမှာ အာတိတ်ဒေသရှိ ပီဗက်ခ်မြို့သို့ သွားရောက်ရန် ယခုနွေရာသီတွင် မြောက်ပိုင်းပင်လယ်လမ်းကြောင်းသို့ ခုတ်မောင်းမည်ဖြစ်ပြီး ယခုနှစ်အကုန်တွင် စီးပွားဖြစ်လည်ပတ်မှုစတင်ရန် စီစဉ်ထားသည်။ ထို့ပြင် ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်သည့် အန္တရာယ်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် အခြားသူများက စိုးရိမ်ပူပန်ကြောင်း ပြောကြားလျက်ရှိသည်။

ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံမှာ လောင်စာများ မတော်တဆ ပျော်ကျခြင်းနှင့် အခြားအရေးပေါ် အခြေအနေများမှ ကြိုတင်ကာကွယ်ရန် ပုံစံရေးဆွဲတည်ဆောက်ထားကြောင်း Rosatom ကော်ပိုရေးရှင်းမှ လုံခြုံရေးဆိုင်ရာ တာဝန်ခံတစ်ဦးက ပြောသည်။



**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





## ကင်ညာအဆိုတော်အား ကုလသမဂ္ဂအေဂျင်စီ၏ ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်

**နိုင်ရိုဘီ ဇွန် ၁၉**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသည် ကင်ညာအဆိုတော် မာရ်စီမာစီကာကို ကုလသမဂ္ဂ လူ့အခွင့်အရေးအေဂျင်စီ၏ ကင်ညာနိုင်ငံဆိုင်ရာ ချစ်ကြည်ရေးသံတမန်အဖြစ် ဇွန် ၁၉ ရက်တွင် ခန့်အပ်လိုက်သည်။

**ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်**

အဆိုတော် မာရ်စီမာစီကာသည် ကင်ညာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီ၏ ချစ်ကြည်ရေးသံတမန်ဖြစ် ခန့်အပ်ခြင်းမခံမီ ကုလသမဂ္ဂလူ့အခွင့်အရေး အေဂျင်စီအပေါ် ထောက်ခံအားပေးသည့် အထင်ကရ ပုဂ္ဂိုလ်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

မာရ်စီမာစီကာအား ကင်ညာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီ၏ ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်မှုနှင့်ပတ်သက်၍ အာဖရိကဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးဗျူရို၏ ဒါရိုက်တာ ရာအော့ဖ်မာဇိုးက ကြိုဆိုခဲ့သည်။

**ဆက်လက်ပါဝင်ကူညီ**

ကင်ညာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီ၏ လုပ်ငန်းဆောင်တာများအပေါ် မာရ်စီမာစီကာ၏ တည်ကြည်ခိုင်မြဲသော ထောက်ခံအားပေးမှုကို တွေ့မြင်ခဲ့ရသလို ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီ၏ ကင်ညာနိုင်ငံဆိုင်ရာ ချစ်ကြည်ရေးသံတမန်တစ်ဦးအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း ကုလသမဂ္ဂ လူ့အခွင့်အရေးအေဂျင်စီအပေါ် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကူညီလိမ့်မည်ဟု မျှော်လင့်ရကြောင်း ရာအော့ဖ်မာဇိုးက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံတွင် ဒုက္ခသည် ၄၈၀၀၀၀ နီးပါးရှိပြီး ယင်းတို့အနက် ၇၈ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ကြောင်း သိရသည်။

ကင်ညာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအေဂျင်စီ၏ ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်မှုအပေါ် အလွန်ဂုဏ်ယူပြီး ပျော်ရွှင်မိပါကြောင်း မာရ်စီမာစီကာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

## တရုတ်နိုင်ငံက သီရိလင်္ကာလွှတ်တော်သို့ လုံခြုံရေးကိရိယာများ လှူဒါန်း

**ကိုလံဘို ဇွန် ၁၉**

မကြာသေးမီက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် သီရိလင်္ကာနိုင်ငံ၌ ပြည်သူများ၊ လွှတ်တော်အမတ်များ ဘေးကင်းလုံခြုံစေရန် တရုတ်နိုင်ငံက လုံခြုံရေးကိရိယာများ လှူဒါန်းခဲ့သည်။

ခေတ်မီ X-Ray စက်သုံးလုံးနှင့် ရှာဖွေရေးကိရိယာ ငါးခုအပါအဝင် သီရိလင်္ကာ ရူပီး ၃၃ သန်း (အမေရိကန်ဒေါ်လာ ၁၈၇၀၀၀) တန်ကြေးရှိ လုံခြုံရေးကိရိယာများကို သီရိလင်္ကာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ကျူယွမ်က သီရိလင်္ကာလွှတ်တော် ဥက္ကဋ္ဌ ကာရူဂျာရာဆူရီယာထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာလွှတ်တော်သို့ လုံခြုံရေးကိရိယာများ လှူဒါန်းမှုမှာ လွန်စွာအဖိုးထိုက်တန်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ကာရူဂျာရာဆူရီယာက ပြောကြားသည်။ အခက်အခဲကြုံတွေ့ချိန်အတွင်း တရုတ်နိုင်ငံမှာ သီရိလင်္ကာနိုင်ငံသို့ အမြဲကူညီသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်အစိုးရနှင့် ပြည်သူများကို ကျေးဇူးတင်ရှိကြောင်း ၎င်းကဆိုသည်။



သီရိလင်္ကာနိုင်ငံ၌ ဧပြီ ၂၁ ရက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် တရုတ်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံနှင့် အတူရပ်တည်ခဲ့ပြီး အမျိုးသားလုံခြုံရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ရန် သီရိလင်္ကာနိုင်ငံသို့ ကူညီပေးခဲ့ကြောင်း တရုတ်သံအမတ်ကြီး ချန်က ပြောသည်။ သီရိလင်္ကာနိုင်ငံရှိ တရုတ်သံရုံးမှ ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်လိုက်ပြီး တရုတ်နိုင်ငံက ထောက်ပံ့ခဲ့သည့် အရေးတကြီးလိုအပ်နေသော လုံခြုံရေးကိရိယာများက နိုင်ငံရေးပါတီအားလုံးမှ လွှတ်တော်အမတ်များအပြင် လွှတ်တော်ဝန်ထမ်းများ၊ သတင်းထောက်များနှင့် ဧည့်သည်များကို ပိုမိုဘေးကင်းစေမည်ဟု ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## မြောက်ကိုရီးယားနိုင်ငံအား ဆန်တန်ချိန် ၅၀၀၀၀ ခန့် တောင်ကိုရီးယား ပံ့ပိုးမည်

**ဆိုးလ် ဇွန် ၁၉**

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံကို ဆန်တန်ချိန် ၅၀၀၀၀ ခန့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးဆိုင်ရာ တောင်ကိုရီးယားဝန်ကြီး ကိမ်ယောင်ချုလ်က ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ ပံ့ပိုးပေးမည့် အဆိုပါဆန်ကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှတစ်ဆင့် ဖြန့်ဝေပေးမည်ဖြစ်ရာ မြောက်ကိုရီးယားနိုင်ငံသို့ ယင်းဆန်များ ဖြန့်ဝေပေးရေးအတွက် အချိန်နှစ်လခန့် ယူရမည်ဖြစ်ကြောင်း၊ သို့သော်လည်း တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံသို့ ဆန် ဆောလျင်စွာ ရောက်ရှိနိုင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကိမ်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအတွက် ဆန်ပံ့ပိုးပေးရန် ယခုကြေညာချက်သည် တောင်ကိုရီးယားအစိုးရက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ရှစ်သန်း လှူဒါန်းရန် ပြီးခဲ့သည့်လက အတည်ပြုခဲ့ပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးနှင့်ပတ်သက်၍ မကြာသေးမီက တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ထရန့်က မြောက်ကိုရီးယားနိုင်ငံအတွက် တောင်ကိုရီးယားအစိုးရ၏ လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်အပေါ် ထောက်ခံအားပေးခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရသည် မြောက်ကိုရီးယားပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီကို ၂၀၁၀ ပြည့်နှစ်က နောက်ဆုံးအကြိမ် လှူဒါန်းခဲ့ရာ ထိုစဉ်က ဆန်တန်ချိန် ၅၀၀၀ ကို မြောက်ကိုရီးယားသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



# လုံခြုံရေးနှင့် အမှိုက်သိမ်းစနစ်ကို အထောက်အကူဖြစ်စေရန် CCTV ကင်မရာများ တပ်ဆင်အသုံးပြု

**မုံရွာ ဇွန် ၁၉**

မုံရွာမြို့၏ အဓိကလမ်းမကြီးများနှင့် အထင်ကရနေရာများ၊ ဈေးများတွင် လုံခြုံရေးနှင့် အမှိုက်သိမ်းစနစ်ကို အထောက်အကူဖြစ်စေရန် CCTV ကင်မရာများ တပ်ဆင်စောင့်ကြည့်လျက်ရှိကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်း၏ ပြောကြားချက်အရ သိရသည်။

"အရင်ကဆို စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေ များတယ်။ အခုကျတော့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာကို စောင့်ကြည့်နိုင်တဲ့အတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တဲ့သူကို အမှိုက်ပုံးတွေထဲ စနစ်တကျစွန့်ပစ်ဖို့ အသိပညာပေးဟောပြောပြီး သတိပေးတာ၊ စည်းရုံးတာတွေ လုပ်ဆောင်တယ်။ လိုက်နာမှုတွေ ရှိလာပါတယ်။ အားလုံး စည်းကမ်းလိုက်နာတယ်လို့လည်း ပြောလို့မရသေးဘူး"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

CCTV ကင်မရာများတပ်ဆင်ထားမှုအရ မုံရွာမြို့၏ အထင်ကရလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးတွင် ၃၈ လုံး၊ ကျောက္ကာလမ်းမကြီးတွင် အလုံး ၂၀ နှင့် ချင်းတွင်းရတနာဈေးတွင် ရှစ်လုံး၊ သီရိရတနာဈေးတွင် ၁၂ လုံး၊ မြသလ္လာဈေးတွင် ၁၂ လုံး၊ မြို့တော်ခန်းမတွင် ရှစ်လုံး စုစုပေါင်း ၉၈ လုံးကို တပ်ဆင်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# မန္တလေးမြို့တွင် ပန်းချီဆရာကြီး ဦးမာလာ၏ စတုတ္ထအကြိမ်မြောက် ခေတ်စုံ၊ အလှစုံ တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့တွင် ပန်းချီဆရာကြီး ဦးမာလာ၏ စတုတ္ထအကြိမ်မြောက် ခေတ်စုံ၊ အလှစုံ တစ်ကိုယ်တော် ပန်းချီပြပွဲကို ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် Mandalay Yatanar Mall ရှိ Smart Art Gallery တွင် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါပြပွဲတွင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယု၊ မန္တလေးမြို့မှ ပန်းချီဆရာကြီးများဖြစ်ကြသော ဒေါက်တာကိုကိုကြီး၊ ဦးဇော်ဝင်း(သစ်ထွင်း)တို့က မုဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် ပန်းချီဆရာကြီး ဦးမာလာက "ကျွန်တော်က မန္တလေးသားတစ်ဦးဖြစ်တဲ့အတွက် မန္တလေးရဲ့ကျေးဇူးကို ပြန်ဆပ်ချင်ပါတယ်။ ဒါကြောင့် မန္တလေးမြို့တည်နန်းတည် သတ္တဌာနရဲ့သမိုင်းအမွေအနှစ် အဆောက်အအုံတွေနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ထုတ်ရေးဆွဲပြီး ပြသချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီပန်းချီပြပွဲကို ကျင်းပတာဖြစ်ပါတယ်။ ဒါ့အပြင် မန္တလေးမြို့မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေကိုလည်း ဂုဏ်ပြုချင်တဲ့အတွက် သူတို့ရဲ့လူမျိုးအလိုက် ရိုးရာဓလေ့တွေကို သိရှိစေဖို့ ပန်းချီကားအဖြစ် ရေးဆွဲပြီး ပါဝင်ပြသထားပါတယ်"ဟု ပြောသည်။

ပန်းချီပြပွဲတွင် ဆရာကြီး ဦးမာလာရေးဆွဲထားသည့် ရေဆေးနှင့် အခရိုင်းလစ် အမျိုးအစား ပန်းချီကားပေါင်း ၅၀ ကျော် ပါဝင်ပြသထားပြီး ပြပွဲကို ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ပြသသွားမည်ဖြစ်သည်။ ဝယ်ယူသိမ်းဆည်းလိုသူများအတွက် ပန်းချီအမျိုးအစားပေါ်မူတည်၍ ငွေကျပ် ငါးသိန်းမှ ၂၅ သိန်းနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# မော်လမြိုင်ကျွန်းမြို့နယ် ညောင်တုန်းစုနှင့် ကျော်ဇံကျေးရွာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပေးအပ်

**မော်လမြိုင်ကျွန်း ဇွန် ၁၉**

မော်လမြိုင်ကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ညောင်တုန်းစုကျေးရွာ ဇေယျာဒီပကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ယင်းနိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေယံထွန်းနှင့် ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ရခြင်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အသက်(၁၈)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော ဒေသခံပြည်သူ ၁၂၆ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ညောင်တုန်းစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှမြင့်ထံ ပေးအပ်သည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ကျော်ဇံကျေးရွာ အထက်တန်းကျောင်းခန်းမတွင် နံနက် ၁၀ နာရီက ကျော်ဇံကျေးရွာအုပ်စုရှိ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော ဒေသခံပြည်သူ ၁၂၈ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ကျော်ဇံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်ရီရီမြင့်ထံ ပေးအပ်သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဇွန် ၁ ရက်မှ ၁၉ ရက်အထိ ကျေးရွာပေါင်း ရှစ်ရွာတို့တွင် အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော ဒေသခံပြည်သူ ၁၅၀၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်ခဲ့သည်။

**မော်ကျွန်း-မြင့်အောင်**

# ကျောက်ဆည်၊ တောင်ကြီးနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် နံနက် ၇ နာရီခွဲတွင် ကျောက်ဆည်မြို့ ဆည်ထိပ်ထန်းတောရပ်ကွက်နေ မင်းထက်လင်း(ခ)သားသား၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၃ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**တောင်ကြီး**

အလားတူ ယင်းနေ့နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာအနီး ရွှေညောင်-ရပ်စောက်သွားလမ်းပေါ်တွင် တင်ရွှေ မောင်းနှင်ပြီး ဒေါ်ခင်သက်နွယ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**မိုင်းဆတ်**

ထို့နောက် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက တပ်မတော်က မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာနေ ယားပါလျော၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၆ လီတာနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ အလားတူ ဇွန် ၁၅ ရက် ညနေပိုင်းတွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာ-ရေအားလျှပ်စစ်သွား လမ်းဘေးတွင် ရပ်တန့်ထားသော မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာ- ရေအားလျှပ်စစ်သွားလမ်းဘေးတွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်အတွင်းမှ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များအား ဆိုင်ကယ်ဖြင့် ဝင်တိုက်မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၁၉**

ကောလင်းမြို့နယ် ရှောပင်ခြံကျေးရွာနှင့် အိုးမကျေးရွာသွားကားလမ်း၌ ဇွန် ၁၈ ရက်ညနေ ၄ နာရီခန့်တွင် သူရကျော် ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာနေသူ မောင်းနှင်ပြီး ဇင်ကို ကောလင်းမြို့နယ် ကြိုးကြာဥကျေးရွာနေသူ လိုက်ပါလာသည့် ဆိုင်ကယ်အား မူးယစ်ဆေးဝါးသတင်းအရ စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ဖမ်းဆီးရေးအဖွဲ့အား ဆိုင်ကယ်ဖြင့် ဝင်တိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ယင်းဆိုင်ကယ်မှာ ဆက်လက်မောင်းနှင်ထွက်ပြေးသောကြောင့် သတိပေးပစ်ခတ်ရာ နောက်မှလိုက်ပါလာသူ ဇင်ကိုအား ဝဲဘက်ခါးကျည်ရှပ်ထိမှန်ဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ)ရရှိပြီး ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၁ ဂရမ်၊ ဖုန်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက်မှ ၁၈ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းနေရာရှိ ယာဉ်ပေါ်မှ ကျွန်းတံခါး၊ ပြတင်းပေါက်၊ မှန်လည် စုစုပေါင်း အချပ် ၈၀(သုည ဒသမ ၅၀၇၀ တန်)နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း လယ်ဓမ္မကျေးရွာအနီးရှိ ယာဉ်နှစ်စီးပေါ်မှ ကျွန်းခွဲသား ၁ ဒသမ ၆၅၅၈ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထု-ပေါက် ကားလမ်းနေရာရှိ ယာဉ်တစ်စီးပေါ်မှ ပိတောက်ခွဲသား ၄ ဒသမ ၁၃၆၉ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ ယာဉ်ပေါ်မှ ကျွန်း၊ ပျဉ်းကတိုးခွဲသား သုည ဒသမ ၉၈၀၆ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ချောက်-ရေနံချောင်း ကားလမ်းရှိ ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၆ ဒသမ ၅၈၂၈ တန်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်းအကွက်(၁၄)အတွင်းမှ ပျဉ်းကတိုးခွဲသား ၃ ဒသမ ၀၄၆၄ တန်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှ တိုက်ဖျက်စို့

**ထက်ဝေအောင် (စစ်ကိုင်း)**

ကမ္ဘာတစ်လွှားတွင် ဘေးအန္တရာယ်ပေါင်းများစွာ၊ အခက်အခဲ အတားအဆီးများစွာ ရင်ဆိုင်ကြုံတွေ့နေရပြီး လူသားအရင်းအမြစ်ပျက်သုဉ်းရေးကို ဘက်ပေါင်းစုံမှ စိန်ခေါ်လျက်ရှိနေသည်။ လူတို့ဖန်တီးကြသည့် လူမှုစီးပွားမလုံခြုံမှုပြဿနာများနှင့် ဘေးအန္တရာယ် ရန်စွယ်အသွယ်သွယ်ရှိသည့်အနက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်မှာ မူးယစ်ဆေးဝါးပြဿနာပင် ဖြစ်ပါသည်။ ကမ္ဘာ့စာမျက်နှာထက်တွင် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် မှုခင်းသတင်းများက တစ်နေ့တခြား ပိုမိုတိုးပွားဆိုးရွားလာသည်ကို တွေ့မြင်ကြရပါသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအစီအစဉ်များကို အနှံ့အကြမ်း အသွင်သဏ္ဌာန်မျိုးစုံ၊ ကာကွယ်ရေးနည်းလမ်းမျိုးစုံ အသုံးပြုတိုက်ထုတ်နေကြသည့်တိုင် မူးယစ်ဆေးဝါးပြဿနာများက ယနေ့ထက်ထိ ခေါင်းထောင်မင်းမူနေဆဲဖြစ်သည်။

**မိမိတို့ရရှိထားသောဘဝကို တန်ဖိုးထား**

ပညာရှိပင် သတိလွတ်ပြီး မှားတတ်သည့်ခေတ်တွင် လူငယ်လူရွယ်များ မူးယစ်ဆေးဝါးကို လက်တည့်စမ်းမသုံးစွဲမိစေရန် လိုအပ်ပါသည်။ မိမိတို့ရရှိထားသောဘဝကို တန်ဖိုးထားပြီး မိဘနှင့်အတူ အေးအတူပူအမျှ နေထိုင်သွားကြရပါမည်။ မိဘစကားအလေးထားရန် လိုအပ်ပါသည်။ မိဘဟူသည် သားသမီးများ၏ လက်ဦးဆရာများဖြစ်ကြပြီး အမှား၊ အမှန်ကို နည်းမှန်လမ်းပြ တည့်မတ်ပေးရသူများဖြစ်သည်။ အပြစ်ပေး ဆူပူကြိမ်းမောင်းခြင်းထက် ကောင်းမွန်သော နည်းလမ်းကို ရွေးချယ်စဉ်းစားသင့်ပြီး သားသမီးများ၏ လိုအပ်ချက်ကို လမ်းညွှန်ပြသခြင်း၊ အပေါင်းအသင်းအခြေအနေ၊ ငွေကြေးသုံးစွဲမှု၊ အသွားအလာ၊ အနေအထိုင်တို့ကို နှံ့စပ်သေချာစွာ စူးစမ်းလေ့လာထားခြင်းက မူးယစ်အန္တရာယ်မှ ကာကွယ်ပေးရန် တစ်ထောင့်တစ်နေရာက အကူအညီပေးနိုင်မည်ဖြစ်ပါသည်။ မိဘနှင့် သားသမီးများအကြား နည်းလမ်းမှန်ကန်သော ဆုံးမပဲ့ပြင်မှုမှာ အမြဲတစေလိုအပ်နေပြီး မိဘ၏ ဖေးမကူညီစောင့်ရှောက်မှုများရရှိနေပါက လူငယ်များအားလုံး မူးယစ်ဆေးဝါးအန္တရာယ်နှင့် အဝေးဆုံးခရီးသို့ ချီတက်ရောက်ရှိနေမည်ဖြစ်သည်။

လူငယ်သည် ရိုးသားပွင့်လင်းပြီး တက်ကြွနိုးကြားသူများဖြစ်ကြသည်။ ရိုးသားမှု အစွန်းရောက်ပါက သူတစ်ပါး၏ အမြတ်ထုတ်ခြင်းခံရနိုင်သည်။ ထို့အတူ ပွင့်လင်းရဲတင်းမှုအဆင့်ကျော်လာပါက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ကွယ်ပျောက်သွားနိုင်သည်။ ယနေ့ခေတ်တွင် လူငယ်များလမ်းမှားမရောက်ရှိရေးက အရေးကြီးလှပါသည်။ အလားတူပင် လူငယ်များ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် အတွေးအခေါ်ကောင်းများပိုင်ဆိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ ပတ်ဝန်းကျင်က ပံ့ပိုးဖော်ဆောင်ပေးကြရပါမည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် သာမန်အသိစိတ်၊ ကိုယ်နှင့်မဆိုင် ဘေးထိုင်နေရုံမျှမရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ အတူတကွပါဝင် တိုက်ဖျက်ပေးမှသာ အမြစ်ပြုတ်ချေမှုန်းနိုင်မည် ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကို သတိရှိရှိ အခြေခိုင်ခိုင် ရှောင်ရှားနိုင်လျှင် နိုင်ငံတော်၏မျှော်လင့်ချက် မပျက်စီးစေဘဲ နိုင်ငံတော်ကို ရေရှည်အကျိုးပြုနိုင်မည်ဖြစ်သည်။

**အပေါင်းအသင်း ရွေးချယ်ပေါင်းသင်း**

ယနေ့အချိန်တွင် လူငယ်များသည် တစ်ဦးနှင့်တစ်ဦး ကွန်ရက်သဖွယ် ချိတ်ဆက်ပေါင်းသင်းနေကြလေ့ရှိသည်။ ဆွေမျိုးထက် အပေါင်းအသင်းသူငယ်ချင်းကို ပိုမိုခင်တွယ်ကြပြီး အပေါင်းအသင်း၏စကားကို မိဘစကားထက် ပိုမိုနားယောင်တတ်ကြသည်။ ယနေ့ခေတ် အမှားဘက်တွင် ကျော်ကြားနှံ့စပ်လွန်းသည့် အပေါင်းအသင်းလူငယ်များစွာ ရှိနေကြသည်။ ထိုသူများနှင့် ပေါင်းသင်းမိပါက လူကောင်းပင် လူဆိုးဖြစ်တတ်သဖြင့် အပေါင်းအသင်း ရွေးချယ်ပေါင်းသင်းရန် လိုအပ်သည်။ မိတ်ဆွေ၊ သူငယ်ချင်းကို အားနာခြင်း၊ လူပျော့လူညံ့အဖြစ် အထင်မခံလိုခြင်း၊ မြှောက်ပင့်စကားကို ယုံလွယ်ခြင်း အစရှိသော စိတ်ခံစားချက်များစွာက မူးယစ်ဆေးဝါးကို စတင်စမ်းသပ်သုံးစွဲမိကြစေသည်။ တဒင်္ဂဖြစ်ပေါ်လာသော စိတ်ခံစားချက်မှ အစပြု၍ လူ့ဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်စွမ်းရှိပါသည်။ လူငယ်အများစုတွင် စူးစမ်းလိုစိတ်၊ လက်တွေ့စမ်းသပ်လိုစိတ်ရှိနေကြပြီး မိဘ၊ အုပ်ထိန်းသူများ တားမြစ်ထားသည့်ကြားက ဆေးလိပ်၊ ကွမ်းယာ၊ အရက်တို့ကို စမ်းသပ်သုံးစွဲနေမှုကို ကြည့်လျှင် သိနိုင်ပါသည်။ ထိုမှတစ်ဆင့် မူးယစ်ဆေး၏သားကောင် ဖြစ်သွားနိုင်သည်။ မူးယစ်ဆေးသုံးစွဲသူအများစုကိုကြည့်လျှင် လူငယ်များဖြစ်နေသည်ကို တွေ့ကြရသည်။ မူးယစ်ဆေးဝါးသည် စာသင်ကျောင်းများ၊ ရုံးဌာနများ၊ လူနေရပ်ကွက်များ၊ လူသူအရောက်အပေါက်နည်းသည့် ကျေးလက်တောရွာမကျန် ထိုးဖောက်ရောက်ရှိနေသည့် လူသတ်တရားခံစင်စစ်မှာ မူးယစ်ဆေးဝါးပင် ဖြစ်သည်။ ထိုအခြေအနေကို ကာကွယ်တားဆီးကြမည့် ပြည်သူအများစုမှာ မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်သိမြင်ပြီး မူးယစ်ဆေးနှင့်သက်ဆိုင်သော ကိစ္စမှန်သမျှကို ရှောင်ရှားခြင်း၊ အသိပညာဖလှယ်ခြင်း၊ သတင်းပေးတိုင်ကြားခြင်းလုပ်ငန်းများ ပြုလုပ်သွားကြရပါမည်။ မူးယစ်မီးတောက်ကို ဗဟုသုတရှိရှိ၊ အသိတရားရှိရှိ သတိထားငြိမ်းသတ်နိုင်ရန် လိုအပ်နေသကဲ့သို့ လူငယ်များကိုယ်တိုင်ကပင် မူးယစ်ဆေးဝါးနှင့် မပတ်သက်အောင်နေထိုင်ခြင်း၊ ဉာဏ်နှင့်ယှဉ်လျက် အပေါင်းအသင်းရွေးချယ်ပေါင်းသင်းခြင်းဖြင့် လူငယ်နှင့်မူးယစ်ဆေး အလှမ်းဝေးကွာအောင် ကြိုတင်ကာကွယ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ထိရောက်စွာ ကာကွယ်တိုက်ဖျက်**

ပထမဦးစွာ လူငယ်များ မူးယစ်ဆေးနှင့် ဝေးဝေးရှောင်ရှားနိုင်ရန်အတွက် ကမ္ဘာတစ်လွှားတွင် ဖြစ်ပျက်နေသည့် မူးယစ်ဆေးနှင့်ပတ်သက်သော အခြေအနေများကို လေ့လာစူးစမ်းကြရပါမည်။ မူးယစ်ဆေးသည် လူသားအားလုံးအတွက် တကယ်ကောင်းကျိုးပေး၊ မပေး မိမိဦးနှောက်ဖြင့် နားလည်နိုင်စွမ်းကို မြှင့်တင်ရပါမည်။ ကမ္ဘာတစ်ဝန်းလုံးတွင် မူးယစ်ဆေးအကြောင်း မီးမောင်းထိုးကြည့်ပါက ဖိလစ်ပိုင်သမ္မတ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှု၊ အင်ဒိုနီးရှားနိုင်ငံ၏ မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသူများကို သေဒဏ်ပေးအရေးယူမှု၊ ဗြိတိန်နိုင်ငံ၏ အွန်လိုင်းအသုံးပြုပြီး မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သီရိလင်္ကာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော မူးယစ်ဆေးရောင်းဝယ်ထုတ်လုပ်မှု ပြစ်ဒဏ်ချမှတ်မှု၊ ဂျပန်၊ မလေးရှား၊ ထိုင်းနိုင်ငံတွင် မူးယစ်ဆေးစွဲသူဦးရေ မြင့်တက်နေမှုတို့ကို နေ့စဉ်ထုတ်လွှင့်နေသည့် သတင်းများတွင် တွေ့ရမည်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး ပြစ်ဒဏ်ပေးရာတွင် သေဒဏ်ပေးသော နိုင်ငံ ၃၆ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံသည် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှု သေဒဏ်ပေးခြင်း ပြစ်ဒဏ်အား နိုင်ငံသား/နိုင်ငံခြားသားမခွဲခြားဘဲ တစ်ပြေးညီအပြစ်ပေး အရေးယူသည်ကို ဩစတြေးလျနိုင်ငံသားနှစ်ဦး မူးယစ်အမှုတွင်ကြည့်ပါက သိရှိနိုင်ပါသည်။ အလားတူပင် ကမ္ဘာ့မူးယစ်ဆေးဝါးသတင်းများကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲမှုများ၊ မူးယစ်ဆေးဝါး အလွဲသုံးရောင်းဝယ်ဖောက်ကားမှုများ၊ နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ မူဝါဒများ၊ ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းအရပ်ရပ်များကိုလည်း မျက်ခြည်ပြတ်မခံသင့်ပေ။ မူးယစ်ဆေးဝါးပြဿနာမှာ လူမှုစီးပွားဘဝများစွာအတွက် အန္တရာယ်အလွန်ရှိသောကြောင့် ပြည်သူတစ်ရပ်လုံးက လက်ဦးမှုရယူလျက် ထိရောက်စွာ ကာကွယ်တိုက်ဖျက်သွားကြရမည်ဖြစ်သည်။

**မူးယစ်ဆေးစတင်သုံးစွဲနိုင်ခြေရှိ**

လူငယ်များ၏ အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းအားများ အချိန်နှင့်အမျှတိုးတက်ရေး စာကောင်းပေမွန်များ ရွေးချယ်ဖတ်မှတ်ကြရန် လိုအပ်ပါသည်။ **အလိမ္မာစာမှာရှိ** ဆိုရိုးစကားနှင့်အညီ မိဘများက လူငယ်များကို စာအုပ်စာပေနှင့်ရင်းနှီးအောင် ဖန်တီးပေးကြရပါမည်။ မိမိကိုယ်တွေ့ထက် စာအုပ်စာပေနှင့်ပတ်ဝန်းကျင်မှရရှိသော အတွေ့အကြုံသင်ခန်းစာများသည် လူ့ဘဝအတွက် လွန်စွာတန်ဖိုးရှိသော ဥစ္စာစီးပွားဖြစ်ပါသည်။ အတွေ့အကြုံကောင်းများ ကြုံကြိုက်ရရှိပါက ဘဝတန်ဖိုးမှာလည်း မြင့်မားလာစမြဲပင်ဖြစ်သည်။ လောကတွင် လေ့လာစရာမကုန်ခန်းနိုင်စွာ ရှိလွန်းလှသဖြင့် မိမိဝါသနာပါရာ ပန်းချီ၊ ဂီတ၊ စာပေတစ်စုံတစ်ခု လေ့လာသင်ယူခြင်းဖြင့် မူးယစ်ဆေးဟူသော အဖျက်ဆေးဝါးများနှင့် အဝေးဆုံးသို့ ရောက်ရှိစေမည် ဖြစ်ပါသည်။ **အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး** ဆိုသည့်အတိုင်း အားကစားလှုပ်ရှားမှု ပြုလုပ်ခြင်းသည် ကာယ၊ ဉာဏ နှစ်ဖြာသော အကျိုးကို ရရှိစေပြီး မူးယစ်ဆေးဝါး၊ ဆေးလိပ်နှင့်အရက်သေစာသောက်စားခြင်းမှ ကင်းဝေးလျက် ကျန်းမာလှပ လူငယ်ဘဝ ရရှိမည် ဖြစ်ပါသည်။ လူငယ်များ အချိန်ကို အကျိုးရှိရှိအသုံးပြုရန်လိုအပ်ပြီး နွေရာသီအားကစားသင်တန်းများ တက်ရောက်ခြင်း၊ နေ့စဉ်ကိုယ်ကာယလေ့ကျင့်မှုပြုလုပ်ခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုသည့်အပြင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလှုပ်ရှားမှုတစ်ခုအဖြစ် လူကြီးမိဘများက တိုက်တွန်းအားပေးကြရန် လိုအပ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူအများစုသည် ပညာရေးအခြေခံအားနည်းမှု၊ ဆင်းရဲနွမ်းပါးမှုတို့နှင့် တစ်ဆက်တည်းဖြစ်သော အိမ်တွင်းရေးအဆင်မပြေမှုများကြောင့် မူးယစ်ဆေးစတင်သုံးစွဲနိုင်ခြေရှိပါသည်။ မူးယစ်ဆေးဝါးများအနက် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်က ဆိုးရွားလှသည်။ ဆေးသုံးစွဲသူ၏ အသိ၊ အမြင်၊ အကြား၊ အရသာ၊ အနံ့အာရုံအသီးသီးကို ပြောင်းလဲပစ်နိုင်စွမ်းရှိပေသည်။ ဆေးခြောက်တွင် စိတ်ကိုကြွစေသည့် သဘာဝဓာတုပစ္စည်းပါဝင်သဖြင့် သောက်သုံးမိပါက ရယ်မောပျော်ရွှင်ခြင်း၊ စိတ်အတွင်းတင်းကျပ်ပိတ်ဆို့မှုများနှင့် စိုးရိမ်စိတ်များကို ဖယ်ဖျောက်နိုင်စွမ်းရှိသည်ဟု အထင်မှားစေသည်။ မူးယစ်ဆေးဝါးကို ရှူရှိုက်ခြင်း၊ သွေးကြောထဲထိုးသွင်းခြင်း၊ စားသောက်ခြင်း စသဖြင့် ပုံစံအမျိုးမျိုးသုံးစွဲကြသည့်အနက် မူးယစ်ဆေးဝါးများ ခန္ဓာကိုယ်တွင်း သွတ်သွင်းရှူရှိုက်ခြင်းဖြစ်စဉ်တွင် မီးခိုးအငွေ့လေးများသည် အဆုတ်နှင့်သွေးကြောတို့ကို ဖြတ်သန်းစီးဝင်လျက် နှလုံးနှင့် ဦးနှောက်သို့ ပို့ဆောင်လေ့ရှိသဖြင့် အာနိသင်မှာ မိနစ်အနည်းငယ်အတွင်း ဖြစ်ပေါ်နိုင်သည်။ အလားတူ မူးယစ်ဆေးကို အရည်ဖျော်ပြီး သွေးကြောအတွင်း တိုက်ရိုက်ထိုးသွင်းခြင်းသည် ဆေးသုံးစွဲမှုပုံစံများအနက် အမြင့်ဆုံးနည်းလမ်းဖြစ်ပြီး အကျိုးအာနိသင်အားဖြင့် စက္ကန့်ပိုင်းအတွင်း ဖြစ်ပေါ်စေသည်။

အကျိုးဆက်အားဖြင့် မူးယစ်ဆေးသွင်းသူများအကြား ဆေးထိုးအပ်နှင့် ဆေးထိုးပြွန် အတူတကွသုံးစွဲကြပြီး သွေးစသွေးနမှတစ်ဆင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ HIV (Human Immuno-deficiency Virus)ဗိုင်းရပ်စ်ပိုး အလွယ်တကူဝင်ရောက်နိုင်သည်။ ရောဂါပိုးဝင်လာသည်နှင့် တစ်ပတ်၊ နှစ်ပတ်အတွင်းအဖျားဝင်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ကိုယ်လက်များ နာကျင်ကိုက်ခဲခြင်းနှင့် အရေပြားတွင် အနီကွက်များ ဖြစ်ပေါ်လာနိုင်သည်။ သတိပြုဆင်ခြင်ရမည်မှာ မူးယစ်ဆေးဝါးတစ်ခုခု စွဲစွဲမြဲမြဲ သုံးစွဲမိပါက HIVပိုး၊ B ပိုး၊ C ပိုး၊ ဦးနှောက်နှင့် အာရုံကြောများကို ဆိုးရွားစွာထိခိုက်ပုံ၊ ဆေးလွန်သတိမေ့ခြင်း၊ ထုံနာကျဉ်နာအကြောသေရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါအမျိုးမျိုး၊ အသည်းရောင်ရောဂါ၊ သွေးကြောပိတ်ရောဂါနှင့် ကိုယ်အနံ့အနာစိမ်းများပေါက်ပြီး သွေးဆိပ်တက်ရောဂါများ ဖြစ်ပွားတတ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအနေဖြင့် စိတ်ရောဂါအမျိုးမျိုးနှင့် စိတ်ကျရောဂါရရှိခြင်း၊ မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း၊ လူမှုရေးဆိုင်ရာ ပြဿနာများအနေဖြင့် ဥပဒေအရ အရေးယူခံရခြင်း၊ မူးယစ်ဆေးရလိုမှုဖြင့် ရာဇဝတ်မှုများစွာကို လက်ရဲဇက်ရဲပြုလုပ်နိုင်စွမ်းရှိသဖြင့် ကြောက်စရာကောင်းလှသည့် မူးယစ်ဆေးဝါးအမျိုးမျိုးကို လူငယ်အားလုံး ပညာမျက်စိရှေ့သို့ကြည့်လျက် မူးယစ်ဆေးဝါးအစွမ်း လက်တည့်မစမ်းကြရန် လိုအပ်နေပါသည်။

**အညွန့်ကိုချိုး၊ အမြစ်ကိုလှန်ပစ်**

ယနေ့အချိန်တွင် မူးယစ်သတင်းပေးသူ ပြည်သူလူထုနှင့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု၊ နှိမ်နင်းသူနိုင်ငံတော်အစိုးရတို့ အတူတကွလက်တွဲဆင်နွှဲနေသည့် မူးယစ်တိုက်ပွဲ၊ ဖမ်းဆီးအရေးယူသည့် သတင်းများက ဟန်ချက်ညီလွန်းလှသည်။ ထို့အတူ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေး(Supply)နှင့် သုံးစွဲမှုပပျောက်ရေး(Demand) လုပ်ငန်းစဉ် နှစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် စစ်ဆေးဖော်ထုတ် အရေးယူလျက်ရှိပါသည်။ အလားတူပင် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးလုပ်ငန်းရပ်များတွင် အကြံဉာဏ်၊ နည်းပညာ၊ ငွေကြေးအရင်းအနှီးများ စိုက်ထုတ်ပါဝင်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်း အသင်းအဖွဲ့တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့၏ လုပ်ဆောင်မှုများသည် မူးယစ်ဆေးဝါး၏ အညွန့်ကိုချိုး၊ အမြစ်ကိုလှန်ပစ်ခြင်းသာဖြစ်ပြီး မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို မဟာဗျူဟာစီမံချက်များအတိုင်း စနစ်တကျ တိုက်ဖျက်နေခြင်းသာ ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်အစိုးရသစ်သည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒအသစ်ချမှတ်ရာတွင် လူငယ်ရေးရာ မူဝါဒနှင့်အညီ လူငယ်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကာကွယ်တိုက်ဖျက်ရေးအစီအမံများ ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ လူငယ်များ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ အသိအမြင်ကြွယ်ဝရေးမှာ ထာဝစဉ်လိုအပ်နေပြီး လူငယ်များအရည်အချင်းပြည့်ဝ စွမ်းရည်မြင့်မားစေမှုကို နှောင့်ယှက်ဟန့်တားနေသော နံပါတ်တစ်အန္တရာယ် မူးယစ်ဆေးဝါးရန်စွယ်ကို ကာကွယ်တိုက်ဖျက်ရေးက အမျိုးသားရေးတာဝန်တစ်ရပ်ပမာ ရှိလာပြီဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် နယ်ချဲ့တို့ချန်ရစ်ခဲ့သည့် ဆိုးမွေတစ်ခုဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ သွင်ပြင်လက္ခဏာတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ရုံမျှမက အမျိုး၊ ဘာသာ၊ သာသနာကို ဖျက်ဆီးရန်အခြေပြုနေသော အချိန်မရွေးပေါက်ကွဲမည့် ဗုံးတစ်လုံးပမာတူလှခြင်းကြောင့် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲညီညီ ပူးပေါင်းကာကွယ်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းလျက် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် သာမန်အသိစိတ်၊ ကိုယ်နှင့်မဆိုင် ဘေးထိုင်နေရုံမျှမရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ အတူတကွပါဝင် တိုက်ဖျက်ပေးမှသာ အမြစ်ပြုတ်ချေမှုန်းနိုင်မည်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကို သတိရှိရှိ အခြေခိုင်ခိုင် ရှောင်ရှားနိုင်လျှင် နိုင်ငံတော်၏မျှော်လင့်ချက် မပျက်စီးစေဘဲ နိုင်ငံတော်ကို ရေရှည်အကျိုးပြုနိုင်မည်ဖြစ်သည်။**



## အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ ချမ်းအေးသာစံ အမျိုးသမီးအသင်းနှင့် ချမ်းမြသာစည်အမျိုးသားအသင်းတို့ အနိုင်ရဗိုလ်စွဲ

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက ဗထူးအားကစားခန်းမ၌ ကျင်းပရာ ချမ်းအေးသာစံမြို့နယ် အမျိုးသမီးအသင်းနှင့် ချမ်းမြသာစည် အမျိုးသားအသင်းတို့ အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ်အသင်းအား ဒုတိယဥက္ကဋ္ဌက တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်ပြီး ပထမဆုရ ချမ်းအေးသာစံမြို့နယ်အသင်းအား ဒုတိယကျောင်းအုပ်ကြီးက တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ ချမ်းအေးသာစံမြို့နယ်အသင်းအား အတွင်းရေးမှူးက တစ်ဦးချင်းဆုများနှင့် ဆုငွေကျပ်နှစ်သိန်း ပေးအပ်ကာ ပထမဆုရချမ်းမြသာစည်မြို့နယ်အသင်းအား ညွှန်ကြားရေးမှူး ဦးဝေဇင်က တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ချမ်းအေးသာစံမြို့နယ်မှ မစန်းစန်းအေးနှင့် အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ချမ်းမြသာစည်မြို့နယ်မှ ကျော်လင်းအောင်အား မန္တလေးအား/ကာသိပ္ပံကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က ဆုနှင့် ဆုငွေကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်ကာ ပထမဗိုလ်စွဲသွားသည့် ချမ်းအေးသာစံ အမျိုးသမီးအသင်းနှင့် ချမ်းမြသာစည်မြို့နယ်အမျိုးသားအသင်းတို့ကို ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပွဲ တက်ရောက်

**ပုသိမ် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု စိုင်ခြံကျေးရွာကားလမ်းဘေး၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကမ္ဘာကြီးပူနွေးလာမှုသည် လူသားများ ရင်ဆိုင်ခဲ့ရသော ခြိမ်းခြောက်မှုများအနက် အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သည့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကို ဟန့်တားတိုက်ဖျက်ရေးသည် လူသားအားလုံး၏ အဓိကတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ ရာသီဥတုနှင့် ဂေဟစနစ် မျှတစေရန်အတွက် ယခုနှစ်တွင် ပျိုးပင်ပေါင်း ၇၈ သန်းခန့် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေး သစ်တောသစ်ပင်များကို အင်တိုက်အားတိုက် ဆက်လက်စိုက်ပျိုးပြုစုထိန်းသိမ်းပေးကြရန်ပြောကြားသည်။

သစ်ပင်စိုက်ပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ တစ်ပြိုင်တည်းကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးတစ်ခုလုံးတွင် ကျွန်း၊ ပျဉ်း ကတိုး၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ရေသင်းဝင်နှင့် ယူကလစ် စုစုပေါင်း ၂၂၃၉၅ ပင် စိုက်ပျိုးခဲ့ကြောင်း တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောကြားသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်လမ်းပေါ်၌ မုန်းချောင်းတံတား(ပွင့်ဖြူ)ဖွင့်ပွဲ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ပွင့်ဖြူ ဇွန် ၁၉**



ပွင့်ဖြူမြို့နယ်ရှိ မင်းဘူး - ပွင့်ဖြူ - စလင်း - တညောင်လမ်းပေါ်၌ မုန်းချောင်းတံတား(ပွင့်ဖြူ)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူက ၂၀၁၇ ခုနှစ် မေ ၂၁ ရက်မှ စတင်ကာ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၁၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လမ်းဘေး(ဝဲ၊ ယာ) လူသွားလမ်းအကျယ် သုံးပေ ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ဖြတ်သန်းမောင်းနှင် သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါတံတား ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၇ နာရီခွဲက တံတားအနီး ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ဒေသဖွံ့ဖြိုးရေးနှင့် ခရီးသွားပြည်သူများ ရာသီမရွေး စိတ်အေးချမ်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်လမ်းပေါ်ရှိ မူလသံမဏိသံပေါင် ဘေလီတံတားအစား 1.2 m ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းအမျိုးအစား မုန်းချောင်းတံတား (ပွင့်ဖြူ) အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုလုပ်ငန်းများကို ပြောကြားသည်။

ဆက်လက်၍ တည်ဆောက်ပြီးစီးသည့် မုန်းချောင်းတံတား(ပွင့်ဖြူ) ကို မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ဘက်စုံထူးချွန်လူရည်ချွန်ငါးဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး တံတားကမွည်းကျောက်စာတိုင်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားအနီးလမ်းဘေးတွင် အရိပ်ရပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ဘားအံတက္ကသိုလ်ကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ်ကြေညာပွဲ ကရင်ပြည်နယ် ဝန်ကြီးချုပ် တက်ရောက်

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်တွင် ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဘားအံတက္ကသိုလ်ကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် ကြေညာခြင်းအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မြန်မာနိုင်ငံ အနာဂတ်နှင့် ကရင်ပြည်နယ် အနာဂတ်သည် လူငယ်များလက်ထဲတွင် ရှိကြောင်း၊ လူငယ်များအနေဖြင့် ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးများ သုံးစွဲနေခြင်းဖြင့် ဉာဏ်ရည်နိမ့်ကျသွားမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်အတွက် လက်လွှဲရမည့်သူများသည် ယခုတက်ရောက်လာကြသည့် လူငယ်များသာဖြစ်ပြီး နိုင်ငံနှင့်လူမျိုးအတွက်၊ ကိုယ့်ပြည်နယ်အတွက်အားထားရမည့် လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကျော်စွာမြင့်က ဆေးလိပ်ကင်းစင်ရေးနှင့် ပတ်သက်၍ ဆေးလိပ်သောက်ခြင်းအားဖြင့် နာတာရှည်ရောဂါများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဆေးလိပ်မှစ၍ မူးယစ်ဆေးစွဲသည်ထိ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဆေးလိပ်ကင်းစင်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်နေပါကြောင်း ပြောကြားသည်။

ဘားအံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြမြအေးက ဘားအံတက္ကသိုလ်ကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ်ကြေညာသည်။ ကရင်ပြည်နယ် စာရင်းစစ်ချုပ်ဦးစောချစ်မြင့်လေးက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ဒေါက်တာ စိုင်းကျော်ခမ်းလော်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ ဒေါက်တာမေဦးခိုင်က ဆေးရွက်ကြီးနှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းပြောကြားကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၁၉**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ငုံဖူးဝေမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုရဲမှူး တင်ဝင်းအောင်က မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ယဉ်ယဉ်သန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးဆိုးကျိုးများနှင့် ပတ်သက်သည့် နံရံကပ်ပြဘုတ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်သူဟိဏ်း(နေပြည်တော်)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မွေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၇ နာရီခွဲက မယ်စဲ့-ဖားဆောင်းလမ်းမကြီးဘေးရှိ ရင်ကွဲတောင်၌ကျင်းပသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၏ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ဝတ်ရည်(ပြန်/ဆက်)**

**မိတ္ထီလာ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ နံနက် ၈ နာရီက မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာန၏ လိန်တောကြိုးပြင်ကာကွယ်တောတွင် ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပလွေ ၁၅၀၊ ကုက္ကို ၁၅၀၊ စောင်ချမ်း ၁၅၀၊ ထနောင်း ၁၅၀၊ သပွတ်ကြီး ၁၀၀၊ ဝါးဖြူ ၁၅၀၊ ဇွန်ပန်း ၁၅၀ တို့အား ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊



သူနာပြုများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**

**ရေတာရှည်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျွန်းတောစု ကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးငြိမ်းချမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊စိန်ပန်း၊ ယမနေ စုစုပေါင်း ၁၉၄၅ ပင်အား စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

**ကိုလွင်(ဆွာ)**

**လားရှိုး**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လွယ်ငူးကြိုးဝိုင်း အကွက်အမှတ်(၃)၌ ဇွန် ၁၉ ရက် နံနက် ၇ နာရီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။

ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်(၃)၊ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ထွန်းတို့က ပျိုးပင်များကို ဝေငှပေးပြီး အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက ခါတော်မီ ၁၅၀ ၊ပိတောက် ၃၀၀၊ သစ်လု ၁၀၀၊ ယမနေ ၂၀၀၊ ချယ်ရီ ၁၅၀ စုစုပေါင်း ပျိုးပင် ၉၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

**ကျောက်ဆည်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာန၏ ရဒါန်းချောင်းဆုံ သစ်တောကြိုးဝိုင်းကွင်းအမှတ် (၁၆/၁၇) တွင် သတ္တုတွင်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကုမ္ပဏီရှစ်ခု စုပေါင်း၍ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက အပင်ပေါင်း ၃၄၈၃၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန၊ တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**အောင်သန့်ခိုင်**

**မကွေး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၅ မြို့နယ်တွင် သစ်ပင်ပေါင်း ၁၅၀၀၀ ကျော်ကို ဇွန် ၁၉ ရက် တစ်ရက်တည်း အပြီးစိုက်ပျိုးခဲ့ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တွင် အပင် ၁၃၀၀၊ ပခုက္ကူခရိုင်တွင် အပင် ၅၅၀၀၊ မင်းဘူးခရိုင်တွင် အပင် ၁၈၄၀၊ သရက်ခရိုင်တွင် အပင် ၂၆၉၀၊ မကွေးခရိုင်တွင် အပင် ၃၉၄၀ စုစုပေါင်း အပင် ၁၅၂၇၀ ကို တစ်ရက်တည်း တစ်ချိန်တည်း၌ နယ်ပယ်ပေါင်းစုံပါဝင်သည့် ပြည်သူလူထုအားဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ **ဇေယျာတု(မကွေး)**

**သီပေါ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြို့ဟောင်း(ဝိုင်းကောင်) ကျေးရွာ၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်၊ ပညာရေး၊ ကျန်းမာရေး၊ ဌာနဆိုင်ရာများနှင့် မြို့ဟောင်း(ဝိုင်းကောင်) ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား ပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ကံ့ကော်၊ ပိတောက်၊ စိန်ပန်း၊ ရေသင်းဝင်၊ တမာနှင့် မန်ကျည်းရှား စသည့် အပင်ပေါင်း ၃၅၀ ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **စိုင်း(သီပေါ)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာ မြင်းကုန်းတောရကျောင်း၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးနေကြစဉ်။**

လှိုင်သန်းတင့်



# မန္တလေးမြို့ရှိ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းလျှောက်လွှာများ စတင်ရောင်းချ

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် အကောင်အထည်ဖော်တည်ဆောက်ပြီးစီးသည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းများအား မန္တလေးခရိုင်ခြောက်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော အရပ်ဘက်နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား နေရာချထားပေးနိုင်ရန် လျှောက်လွှာများကို ဇွန် ၁၇ ရက်မှစတင်ရောင်းချပေးနေကြောင်း သိရသည်။

အဆိုပါ ရောင်းချမည့်တိုက်ခန်းများမှာ တစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ လေးခန်းတွဲခြောက်ထပ်ပါ အခန်းပေါင်း ၄၅၆ ခန်းအပြင် ယခင်နှစ်က ရောင်းချပေးခဲ့ပြီးသော တိုက်ခန်းများမှ ပြန်လည်အပ်နှံလာသည့် အခန်းများနှင့် ပိုင်ရှင်က ဆက်သွယ်ခြင်းမရှိသည့် အခန်းများကိုပါ ထည့်သွင်းရောင်းချပေးသွားမည်ဖြစ်သည်။

အောင်မြေသာစံမြို့နယ်မှ တိုက်ခန်းလာရောက်လျှောက်ထားသူ ကျောင်းဆရာတစ်ဦးက "ဒီတိုက်ခန်းတွေကို လျှောက်တာ သုံးကြိမ်ရှိသွားပြီ၊ ပင်စင်ယူဖို့ကလည်း တစ်နှစ်လောက်ပဲလိုတော့တာဆိုတော့ ပင်စင်ယူပြီးရင် မိသားစုငါးယောက် အိုးပိုင်အိမ်ပိုင်လေးနဲ့ နေချင်တာပေါ့။ အခုအကြိမ်ကတော့ မန္တလေးခရိုင်အတွင်းက ဝန်ထမ်းတွေပဲ လျှောက်ခွင့်ရတဲ့အတွက် ရနိုင်ဖို့နီးစပ်တယ်လို့ မျှော်လင့်ရတာပါပဲ" ဟု ပြောသည်။

တိုက်ခန်းရောင်းချမည့် ဈေးနှုန်းများအနေဖြင့် တစ်ခန်းလျှင် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းအပါအဝင် မြေညီထပ် ကျပ် ၂၆၇,၈၀၀၀၀၊ ပထမထပ် ကျပ် ၂၄၇,၂၀၀၀၀၊ ဒုတိယထပ် ကျပ် ၂၂၆,၆၀၀၀၀၊ တတိယထပ် ကျပ် ၂၁၆,၃၀၀၀၀၊ စတုတ္ထထပ် ကျပ် ၂၀၆,၀၀၀၀၀၊ ပဉ္စမထပ် ကျပ် ၁၉၅,၇၀၀၀၀ နှုန်းဖြင့် ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ လျှောက်လွှာ တစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ ရုံးပိတ်ရက်များတွင်ပါ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးဝင်းအတွင်း နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရောင်းချပေးသွားမည်ဖြစ်သည်။

တိုက်ခန်းလျှောက်လွှာများကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ပြန်လည်လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် ယခင်လျှောက်ထားပြီးသူများအနေဖြင့် ပြန်လည်လျှောက်ထားရန်မလိုဘဲ လျှောက်လွှာလက်ခံပြေစာ ပြသ၍ လာရောက်စာရင်းပေးသွင်းပါက လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တာချီလိတ်မြို့တွင် ကလေးစာပေပွဲတော်အကြို အားကစားပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကစား

**တာချီလိတ် ဇွန် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကလေးစာပေပွဲတော်အကြို အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ ထုပ်ဆီးတိုးပြိုင်ပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက မြို့မအားကစားရုံ၌ စတင်ယှဉ်ပြိုင်ကစားကြသည်။

ကလေးစာပေပွဲတော် အားကစားပြိုင်ပွဲများအနေဖြင့် အသက် ၁၂ နှစ်အောက် ထုပ်ဆီးတိုးပြိုင်ပွဲတွင် အသင်း ၁၀ သင်း၊ ဘောလုံးပြိုင်ပွဲတွင် ၁၃ သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ၁၀ သင်းစီဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ထုပ်ဆီးတိုးပြိုင်ပွဲတွင် အုပ်စုပြိုင်ပွဲကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိဖြစ်ပြီး ဆီမီးဖိုင်နယ်ကို ဇွန် ၂၅ ရက်၊ ဗိုလ်လုပွဲကို ဇွန် ၂၆ ရက်တွင်လည်းကောင်း၊ ဘောလုံးပြိုင်ပွဲအနေဖြင့် အုပ်စုလေးအုပ်စုရှိပြီး အုပ်စုပြိုင်ပွဲကို ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ၊ ကွာတားပြိုင်ပွဲကို ဇွန် ၂၂ ရက်၊ ဆီမီးကို ဇွန် ၂၃ ရက်၊ ဗိုလ်လုပွဲကို ဇွန် ၂၅ ရက်တွင်လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲအနေဖြင့် အုပ်စုနှစ်စုဖြင့် အုပ်စုပြိုင်ပွဲကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ၊ ဆီမီးဖိုင်နယ်ကို ဇွန် ၂၅ ရက်၊ ဗိုလ်လုပွဲကို ဇွန် ၂၆ ရက်တွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ပွဲတော်တွင် စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာရွတ်ဆိုခြင်းနှင့် ပုံပြင်ပြောခြင်းများ ပါဝင်မည်ဖြစ်ပြီး စာအုပ်စာပေပြပွဲနှင့် စာအုပ်အရောင်းဆိုင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (တာချီလိတ်) ကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ခါမ်းပါတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ခါမ်းပါတ်**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်သည် တံတားဦးစီးဌာန နတလနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ခါမ်းပါတ်မြို့က နန်ကျေးရွာ၌ တွီးပူ ရေအားလျှပ်စစ်ရေထုတ်မြောင်းဆောင်ရွက်ခြင်း၊ ထင်းဇင်ကျေးရွာအနီး နန်စပါတံတားကြမ်းခင်း လဲလှယ်ပြီးစီးမှုတို့ကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက စစ်ဆေးခဲ့ကြသည်။ **ဇော်ဝင်းထွန်း**

### မှုခင်းကြိုတင်ကာကွယ်ရေး ရှင်းလင်းဆွေးနွေး

**မြောင်းမြ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တောင်အူချောင်းဖျားကျေးရွာရှိ ဓမ္မဝေသီ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီက မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ဝေက ကျေးရွာပြည်သူများအား အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ရှင်းလင်းခြင်းနှင့်မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

### ရဲတပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားဒါနဆောင်ရွက်

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီးအား ဇွန် ၁၈ ရက် နံနက် ၇ နာရီခွဲက နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များသည် ဘုရားကြီး၏ မျက်နှာတော်ကို ရောင်တော်ဖွင့်ခြင်း၊ သက်န်းတော်များအား သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရင်ပြင်တော် ရှင်းလင်းခြင်းတို့ကို စုပေါင်းလုပ်အားဒါန ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**

### သန်လျင်၌ မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ လဟာရက်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ မှုခင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၃ နာရီကကျင်းပရာ ဖားကူးရဲကင်းစခန်းမှူး ဒုရဲအုပ် ဝင်းဇော်ထွန်းက ကျေးရွာနေပြည်သူ ၈၀ ခန့်တို့အား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

### မြေသားရေလှောင်ကန်နှစ်ကန် တည်ဆောက်ပြီးစီး

**လပွတ္တာ**

လပွတ္တာမြို့နယ် ညောင်ကုန်းကျေးရွာနှင့် နောက်ဖေးကုန်းကျေးရွာတို့ရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေသားရေလှောင်ကန်များကို တည်ဆောက်ပေးခဲ့သည်။ ရေလှောင်ကန်များကို လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူနှင့် ဝန်ထမ်းများက ဇွန် ၁၈ ရက် မွန်းလွဲ ၃ နာရီက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါရေလှောင်ကန်များမှာ ပေ ၁၀၀ ပတ်လည်ရှိပြီး အနက်လေးပေရှိကာ ညောင်ကုန်းကျေးရွာရှိ လူဦးရေ ၁၀၃ ဦးနှင့် နောက်ဖေးကုန်းကျေးရွာရှိ လူဦးရေ ၁၄၀ တို့ သောက်သုံးရေဖူလုံစွာရရှိမည်ဟု သိရသည်။ **မော်ကျွန်း-မြင့်အောင်**

### တီဘီရောဂါရှာဖွေရေး ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် IOM NGO အဖွဲ့တို့ ပူးပေါင်းပြီး ချောင်းဆုံမြို့နယ် ကလွှီကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ဇွန် ၁၈ ရက် နံနက်ပိုင်းက တီဘီရောဂါရှာဖွေရေးနှင့် ဆေးဝါးကုသရေး အခမဲ့ကွင်းဆင်းကုသခဲ့သည်။

ပြည်နယ်တီဘီရောဂါရှာဖွေကုသရေးအဖွဲ့မှ ဒေါက်တာသက်လွင်မင်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ပြည်သူ ၁၂၇ ဦးကျော်အား တီဘီရောဂါရှာဖွေခြင်းကို Digital နည်းပညာဖြင့် ဓာတ်မှန်ရိုက်ရှာဖွေခဲ့ကြပြီး တီဘီရောဂါပိုးတွေ့ရှိသည့် ပြည်သူ ခြောက်ဦးအား ဆေးဝါးများအခမဲ့ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းကောက်ယူခြင်းသင်တန်းဖွင့်

**မုဒုံ**

မုဒုံမြို့နယ်အတွင်း မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းကို မြန်ဆန်တိကျစွာ စာရင်းကောက်ယူနိုင်ရေး သင်တန်းကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက မုဒုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်မာလာအောင်က သင်တန်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်၊ ကျေးရွာများမှ စစ်တမ်းကောက်ဝန်ထမ်း ၄၀ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ထိရောက်စွာဆောင်ရွက်သွားမည်



**ရန်ကုန် ဇွန် ၁၉**

၂၀၁၉ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Melia Hotel တွင်ပြုလုပ်သော ၂၀၁၉ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

သုတေသန နည်းပညာကျင့်ဝတ်ကော်မတီဥက္ကဋ္ဌ Professor ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr.Stephan Paul Jost တို့က အမှာစကားအသီးသီးပြောကြားခဲ့ကြပြီး တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှင့် ကုသရေး၊ ကာကွယ်နှိမ်နင်းရေးကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

"ရန်ကုန်တိုင်းဒေသကြီးက တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ယှဉ်ရင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အများဆုံးဖြစ်ပြီး သေဆုံးမှုအများဆုံးဖြစ်နေတာတွေ့ရပါတယ်။ သွေးလွန်တုပ်ကွေးဆိုတာက အခုနောက်ပိုင်း ရာသီမရွေးဖြစ်ပွားနေသလို အသက်အရွယ်မရွေး ဖြစ်ပွားနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို စည်ပင်သာယာနဲ့ ပူးပေါင်းဆောင်ရွက်နေသလို မီဒီယာတွေအနေနဲ့လည်း အသိပညာပေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် ပြည်သူလူထုအနေနဲ့လည်း ပူးပေါင်းပါဝင်ကြဖို့ အလွန်အရေးကြီးပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့သတ်မှတ်ချက် ၁၁ နိုင်ငံထဲမှာ သွေးလွန်တုပ်ကွေးရောဂါအဖြစ်ပွားဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံလည်း ပါဝင်နေပါတယ်။ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ဖို့ဆိုရင် ပြည်သူလူထုသာမကဘဲ သက်ဆိုင်ရာ နှီးနွှယ်ဌာနတွေပါ ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုပါတယ်။ လတ်တလောအနေနဲ့စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေကို သွားရောက်ပြီး အသိပညာပေးမှုတွေ လုပ်ဆောင်သွားပါမယ်။ အဘိတ်ဆေးခတ်တာတွေလည်း ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာ နေရည်ရည်လင်းက ပြောသည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများကို လျှော့ချရန်နှင့် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုနှုန်းနှင့် ရောဂါဖြစ်နှုန်းကို လျှော့ချရန်အတွက် အမျိုးသား မဟာဗျူဟာစီမံကိန်းအဖြစ် National Strategic Plan for Dengue Prevention and Control(2016-2020) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရာမည**

## သရက်-အောင်လံ ကူးတို့လိုင်းစက်လှေများ အန္တရာယ်ကင်းရှင်းရေးစစ်ဆေး



**သရက် ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ သရက်-အောင်လံကူးတို့ လိုင်းစက်လှေများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက သရက်ပဲ့ထောင်ဆိပ်ကမ်းရှိ ကူးတို့ရေယာဉ်ကြီး (လိုင်းစက်လှေ) များနှင့် ကူးတို့ရေယာဉ်အသေး (ကြားစက်လှေ) များကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ကူးတို့ရေယာဉ်ကြီး (လိုင်းစက်လှေ) အနေဖြင့် အသက်ကယ်ဖောများ ပြည့်စုံစွာထားရှိရေး၊ အသက်ကယ်အင်္ကျီများ ပြည့်စုံစွာပါရှိရေး၊ ခရီးသည်များ ဆိပ်ကမ်းအတက်အဆင်း အဆင်ပြေစွာတက်ဆင်းနိုင်ရန် လက်ရန်းတန်း (လက်ကိုင်)များ ဆောင်ရွက်ထားရှိရေးနှင့် စက်သုံးဆီ ငါးဂါလန် အပိုထားရှိမှု ရှိ-မရှိ စစ်ဆေးခဲ့သည်။

ထို့နောက် ကူးတို့ရေယာဉ်အသေး (ကြားစက်လှေ) များအား ခရီးသည်များ အတက်အဆင်း ပြုလုပ်ရာတွင် ကုန်းပေါင်အနေဖြင့် သတ်မှတ်ထားသည့် အထူ၊ အကျယ်၊ အရှည်များ အသုံးပြုဆောင်ရွက်ထားမှု ရှိ-မရှိ၊ အသက်ကယ်ဖောများ၊ အသက်ကယ်အင်္ကျီများ ရှိ-မရှိ၊ စက်သုံးဆီတစ်ဂါလန်အပိုထားရှိမှု ရှိ-မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## တာချီလိတ်မြို့ အာခါဈေးလမ်း ကတ္တရာထပ်ပိုးလွှာခင်း



**တာချီလိတ် ဇွန် ၁၉**

ရှမ်းပြည်နယ် အာခါဈေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဇွန်လအတွင်း လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အာခါဈေးလမ်း(ဝိန်းကျောက်-ရန်အောင်မြေလမ်း) အရှည်ပေ ၂၅၀၀၊ အကျယ် ၂၂ ပေ၊ ဒုသုံးလက်မရှိ ကတ္တရာထပ်ပိုးလွှာခင်းရာတွင် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် ကတ္တရာ ၂၈ ဒသမ ၄၁ တန်နှင့်အတူ ဦးအာမဲ (ဇန်းမွန်အာခါဟိုတယ်) က ထည့်ဝင်ငွေကျပ် ၆၆၂ သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ နည်းပညာနှင့် စက်ယာဉ်ယန္တရားများ ကူညီပံ့ပိုးကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ဝေယံလင်း(ပြန်/ဆက်)**




## ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာ ဥရောပပွဲစဉ် သုံးပွဲအထိ ပွဲပယ်ပြစ်ဒဏ်ကျခံရမည်

ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး နေမာအား ဥရောပပွဲစဉ် ပွဲပယ်ပြစ်ဒဏ်မကျခံရရေးအတွက် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)သို့ လျှောက်လဲချက်တင်ခဲ့သော်လည်း မအောင်မြင်ခဲ့သောကြောင့် တိုက်စစ်မှူး နေမာသည် ဥရောပပွဲစဉ် သုံးပွဲအထိ ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူး နေမာသည် မတ် ၆ ရက်က အိမ်ကွင်း၌ မန်ယူအသင်းကို ပီအက်စ်ဂျီအသင်း ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်ပြီးနောက် ပြိုင်ပွဲတာဝန်ရှိသူများအား စော်ကားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့၌ ပွဲကစားချိန် ၉၄ မိနစ်တွင် မန်ယူအသင်းအား ပင်နယ်တီကန်ခွင့်ပေးခဲ့ခြင်းကို မကျေနပ်ခြင်းဖြစ်ကြောင်းကို ၎င်း၏အင်စတာဂရမ်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအား ပင်နယ်တီကန်ခွင့်ပေးခဲ့ခြင်းကြောင့် မန်ယူအသင်းက ဒုတိယအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-သုံးဂိုးဖြင့် အဝေးဂိုးစည်းမျဉ်းကြောင့် ပီအက်စ်ဂျီအသင်း ပြိုင်ပွဲကနေထွက်ခဲ့ရကာ မန်ယူအသင်းမှာ ကွာတားဖိုင်နယ်သို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ယူအီးအက်ဖ်အေက ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် တိုက်စစ်မှူးနေမာသည် လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ် အုပ်စုအဆင့် ပွဲစဉ်သုံးပွဲအထိ လွဲချော်ရတော့မည်လည်းဖြစ်သည်။

## မန်စီးတီးနောက်တန်းကစားသမား ကီလီဝေါ်ကာ နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို




မန်စီးတီး နောက်တန်းကစားသမား ကီလီဝေါ်ကာသည် အသင်းနှင့် နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ခြင်းကြောင့် ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအသင်းတွင် ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဝေါ်ကာသည် ၂၀၁၇ ခုနှစ်အတွင်းက စပါးအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၅၃ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ကာ ထိုအချိန်က ကမ္ဘာ့စျေးအကြီးဆုံးနောက်တန်းကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဝေါ်ကာသည် မန်စီးတီးအသင်းနှင့်အတူ လိဂ်ပွဲစဉ် ၆၅ ပွဲအထိ ပါဝင်ကစားပေးထားပြီး နည်းပြဂွာဒီယိုလာလက်ထက်တွင် မန်စီးတီးအသင်းအား ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ရယူနိုင်ရေးအတွက် အထောက်အပံ့ပေးခဲ့သည့် ကစားသမားများအနက် တစ်ဦးအပါအဝင်လည်းဖြစ်သည်။

ကီလီဝေါ်ကာသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲနှင့် ကာရာဘာအိုဖလား နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များတွင် ပထမပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။ ကီလီဝေါ်ကာသည် စာချုပ်သစ်ချုပ်ဆိုပြီးနောက် မန်စီးတီးအသင်းနဲ့အတူ ဆုဖလားအများအပြားရယူရန် ဆန္ဒရှိနေကြောင်းပြောကြားခဲ့သည်။

**ငွေကြယ် - ရေးသားသည်**

## အနုပညာ



### တေးသီချင်းသစ်ကို ပူးပေါင်းဖန်တီးနေတဲ့ ဆွမ်မန်းဒပ်စ်နဲ့ ကမ်မီလာကပ်ဘဲလို

ကမ္ဘာကျော်ပေါ့ပ်ကြယ်ပွင့်နှစ်ဦးရဲ့ တေးသီချင်း ပူးပေါင်းဖန်တီးမှုဟာ မကြာမီမှာ ပရိသတ်ရှေ့ရောက်လာတော့မှာဖြစ်ပါတယ်။ တေးသံရှင် ဆွမ်မန်းဒပ်စ်နဲ့ ကမ်မီလာကပ်ဘဲလိုတို့ပူးပေါင်းကာ တေးသီချင်းတစ်ပုဒ်ဖန်တီးထားပြီး လတ်တလောမှာတော့ အဆိုပါ တေးသီချင်းကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီတေးသီချင်းသစ်ကိုတော့ ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ဆွမ်မန်းဒပ်စ်က စမ်းသပ်ထုတ်လွှင့်ခဲ့တာပါ။ ဇွန် ၁၈ ရက်မှာတော့ ဆွမ်မန်းဒပ်စ်က သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်မှာ တေးသီချင်းကို အစမ်းထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ စမ်းသပ်ထုတ်လွှင့်မှုကတော့ ၁၉ စက္ကန့်သာကြာမြင့်တာကို တွေ့ရပါတယ်။ တေးသီချင်းရဲ့ အမည်နဲ့ စတင်ထုတ်လွှင့်ပေးသွားမယ့် နေ့ကိုတော့ ရေးသားဖော်ပြခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် လတ်တလော ထုတ်လွှင့်ပေးခဲ့တဲ့ အစမ်းဗီဒီယိုအရ ဒီတေးသီချင်းဟာလည်း လုပတဲ့သံစဉ်တွေနဲ့ ဖွဲ့သီထားတဲ့ အချစ်သီချင်းချိုချိုတစ်ပုဒ်ဖြစ်နိုင်ကြောင်း ခန့်မှန်းရပါတယ်။

### ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်လာတဲ့ ကင်မင်ဆပ်နဲ့ ပါ့ခ်ယိုနာ

တောင်ကိုရီးယားရဲ့ တက်သစ်စသရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကင်မင်ဆပ်နဲ့ မင်းသမီး ပါ့ခ်ယိုနာတို့ဟာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ မင်းသားရဲ့ ဖျော်ဖြေရေး အေဂျင်စီဘက်က အဆိုပါ သတင်းကို ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ရုပ်ရှင်အသိုင်းအဝိုင်းမှ လူတစ်ဦးကတော့ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

ဇွန် ၁၉ ရက်မှာ ရုပ်ရှင်အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်တစ်ဦးက ကင်မင်ဆပ်နဲ့ ပါ့ခ်ယိုနာတို့ဟာ ပြီးခဲ့တဲ့ နှစ်အတွင်းက ရိုက်ကူးခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခု ရိုက်ကူးစဉ် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး အဲဒီရုပ်ရှင်ပြီးနောက်မှာတော့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ကင်မင်ဆပ်ရဲ့ ဖျော်ဖြေရေး အေဂျင်စီကတော့ ကြယ်ပွင့်နှစ်ဦးဟာ ရင်းနှီးတဲ့ သူငယ်ချင်းတွေသာ ဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦး အတူပါဝင်ခဲ့တဲ့ ဇာတ်လမ်းတွဲရဲ့ ဝိုင်းတော်သားတွေဟာ တစ်ဦးနဲ့တစ်ဦး အလွန်ခင်မင်ကြပြီး မကြာခဏတွေ့ဆုံလေ့ရှိကြောင်း တုံ့ပြန်ခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ " So Close, Yet So Far " ဇာတ်လမ်းတွဲရုပ်ရှင်မှာ အတူတွဲဖက်ပါဝင်ခဲ့ကြတာ ဖြစ်ပါတယ်။



**အေးပြည့် - စုစည်းသည်**

### ပြင်သစ်ကို ထွက်ခွာသွားတဲ့ လီမင်ဟို

မကြာသေးမီကမှ စစ်မှုထမ်းဆောင်မှုတွေ ပြီးဆုံးခဲ့တဲ့ တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ လတ်တလောမှာတော့ ပြင်သစ်နိုင်ငံကို ထွက်ခွာသွားခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၈ ရက်မှာတော့ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်စတင်ဖို့ရာ ပြင်ဆင်နေတဲ့ လီမင်ဟိုဟာ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ရောက်ရှိလာခဲ့တာ တွေ့ရပါတယ်။ မင်းသားဟာ အမျိုးသားအဝတ်အစားအသုံးအဆောင်တွေကို ထုတ်လုပ်တဲ့ နာမည်ကျော်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ " Berluti" အတွက် အလုပ်လုပ်ဖို့ရှိတာကြောင့် ပြင်သစ်ကို ထွက်ခွာသွားတာဖြစ်တယ်လို့လည်း သိရပါတယ်။

လီမင်ဟိုဟာ စစ်မှုထမ်းဆောင်ပြီးနောက် သူ့ရဲ့ ပထမဆုံးသော ဇာတ်လမ်းတွဲရုပ်ရှင်ကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ လီမင်ဟိုရဲ့ ဇာတ်လမ်းတွဲသစ် " The King: Forever Sovereign " ကတော့ လက်ရှိမှာ စတင်ရိုက်ကူးခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။







# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## သရဏဂုံစွဲမြဲထုံသော်




ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ) စီစဉ်သည့် သရဏဂုံစွဲမြဲထုံသော် စာအုပ်ထွက်ရှိလာသည်။

သရဏဂုံသုံးပါးဖြင့် ရှင်သာမဏေဖြစ်ရသလို ရဟန်းပဉ္စင်းလည်း ဖြစ်နိုင်၏။ သာသနာအစ သရဏဂုံကဟူ၍လည်းကောင်း၊ ဗုဒ္ဓဘာသာအစ သရဏဂုံဟူ၍လည်းကောင်း ဆိုရအောင် အခြားဘာသာဝင်ပုဂ္ဂိုလ်များ ဗုဒ္ဓဘာသာသို့ ပြောင်းရွှေ့ဝင်ရောက်ရာ၌ သရဏဂုံသုံးပါးကိုပင် ရွတ်ဆိုရ၏။

သဝေမပါကိုးဂါထာဟု ဆိုသလို ဗုဒ္ဓ၊ ဓမ္မ၊ သံဃအားဖြင့် အနုဿတိဘာဝနာလည်းဖြစ်သည်။ ဤသို့ဖြင့် သရဏဂုံဆောက်တည်ပုံနည်းမျိုးစုံ၊ သရဏဂုံ ပျက်-မပျက်များနှင့် သရဏဂုံအစွမ်းအံ့မခန်းဖွယ်အကျိုးခံစားရရှိမှုများကို ဖော်ပြထားသဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စအုပ်ကို နဂါးစာပေမှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## ကျွန်တော်၏ ၉၀ ပြည့် အမှတ်တရများ




ဗိုလ်မှူးချုပ်လှထွန်း စီစဉ်ရေးသားသည့် ကျွန်တော်၏ ၉၀ ပြည့် အမှတ်တရများစာအုပ်ထွက်ရှိလာသည်။

တာဝန်သိသူမှာ တာဝန်ရှိသည်။ တာဝန်ရှိလာလျှင် တာဝန်ယူရဲရမည်။ တာဝန်ယူထားသူသည် တာဝန်ပြီးဆုံးအောင် ထမ်းဆောင်ရမည်။ တာဝန်ထမ်းဆောင်သူသည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကောင်းစေရမည်။ ကောင်းရုံမျှမက အရှည်တည်အောင် ကောင်းရမည်။ အရှည်ကောင်းအောင် အလုပ်သည် အကျိုးရှိသောအလုပ်၊ ရေရှည်အကျိုးရှိသောအလုပ်ဖြစ်ရမည်။ ထိုအလုပ်မျိုးကို အစွမ်းအစရှိသူ၊ ကိုယ်ရည်ကိုယ်သွေး မြင့်သူသာ လုပ်နိုင်မည်။ ထိုသို့လုပ်နိုင်မှ တန်ဖိုးရှိသူဖြစ်သည်။ လူတိုင်းအစွမ်းအစရှိသူဖြစ်ကြောင်း ရေးသားထားသည်။

**ပန်းမျိုးတစ်ရာစာပေ၊ တိုက်-၉၊ အခန်း-၂၀၃-၂၀၄၊ ပုဇွန်တောင်ဉယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၀၂၃၇၂နှင့် ၀၉ ၅၀၁၆၈၃၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ဖြင့် ဖြန့်ချိသည်။**

## အဘိဓမ္မာမြတ်ဒေသနာတော်(အခြေခံ)




အဘိဓမ္မာတရားတိုးပွားစေရန်ရည်ရွယ်၍ စာရေးသူကိုကိုသန်းဝင်း စီစဉ်ရေးသားသည့် အဘိဓမ္မာမြတ်ဒေသနာတော်(အခြေခံ) စာအုပ် ထွက်ရှိလာသည်။

စာရေးသူကိုယ်တိုင်ကြုံတွေ့ခံစားရသည်များကို ကိုယ်ချင်းစာနားလည်ကာ စတင်လေ့လာလိုသူများ အဆင်ပြေစွာလေ့လာနိုင်စေရန်အတွက် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်သည်။ အချို့ကို ဆရာတော်ကြီးများ၏ စာအုပ်တွင် လေ့လာသည့်အခါ အလွန်ခက်ခဲသဖြင့် နားမလည်နိုင်သောကြောင့် ဆက်လက်မဖတ်ရှုနိုင်ကြောင်း သိရှိရသဖြင့် ထိုစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် အတော်အတန် နားလည်နိုင်လာမည်ဖြစ်သည်။ အဆိုပါစာအုပ်သည် အဘိဓမ္မာတရားတိုးပွားစေရေးအတွက် ရည်ရွယ်၍ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

**စာအုပ်ကို - မဇ္ဈိမစာပေ၊ အမှတ်- ၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## သုတအဘိဓာန် မြန်မာအပင်များ




အပင်အကြောင်းလေ့လာလိုသူများအတွက် စာရေးသူဝင်းတင်ဝင်း စီစဉ်ရေးသားသည့် သုတအဘိဓာန် မြန်မာအပင်များစာအုပ် ထွက်ရှိလာသည်။

မိမိတို့၏သဘာဝပတ်ဝန်းကျင်တွင် တစ်စတစ်စနှင့်ပျောက်ကွယ်နေကြရသော အပင်ကြီး၊ အပင်ငယ်တို့၏အကြောင်းကိုမြင်တွေ့ကြားသိရသောအခါ မျိုးဆက်သစ်လူငယ်များအတွက် အထူးစိုးရိမ်ပူပန်ရသောကြောင့် အဆိုပါစာအုပ်ကို ရေးသားထုတ်ဝေခြင်းဖြစ်သည်။ မြန်မာအပင်မျိုးများ ခွဲခြားသိရန်၊ အင်္ဂလိပ်ဘာသာဖြင့် အရပ်အခေါ်အမည်များကိုသိရန်၊ လက်တင်သိပ္ပံအခေါ်နှင့် ယင်းတို့၏အဓိပ္ပာယ်ကိုသိရန်၊ အပင်တစ်ပင်၏ နောက်ခံနှင့် ဆက်နွယ်နေသောအကြောင်းအရာများကိုသိရန်၊ မိမိတို့၏ အပင်အမျိုးမျိုးအကြောင်းကိုသိရှိပြီး သဘာဝပတ်ဝန်းကျင်ကို ခင်တွယ်လာစေရန် ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို နေဝန်းနီစာပေ၊ ၁၂၆ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၂၄၈၀၅၀မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပွဲများ ကျင်းပ

**ရန်ကုန်**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြိုအထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ်တို့တွင် ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အလုပ်အမှုဆောင်များက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

**မာန်အောင်**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ချေးငွေအပြည့်အဝကောက်ခံရရှိရေး စည်းဝေး

**မြစ်သား ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်EXIM Bank ၁၁ ကြိမ်မြောက် ချေးငွေများအပြည့်အဝကောက်ခံရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒီဝင်းက ချေးငွေများအပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းတင်က မြို့နယ်အသင်းစု၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**

## သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ပြည်နယ်ဝန်ကြီးကြည့်ရှုအားပေး

**တောင်ကြီး ဇွန် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနခန်းမ၌ ကျင်းပလျက်ရှိသော သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲက ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် လာရောက်ကြည့်ရှုအားပေးသည်။

ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူများအား သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် ကြိုးစားသင်ယူအားထုတ်ကြရန်၊ သတင်းသည် ပြည်သူ့အတွက်အရေးကြီးသော အချက်အလက်ဖြစ်၍ အချိန်နှင့်တစ်ပြေးညီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုးစားဆောင်ရွက်ပေးကြရန်နှင့် သင်တန်းသား သင်တန်းသူများ လက်တွေ့ကွင်းဆင်းရာတွင်လိုအပ်သည်များကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့တွင် သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း ဘာသာရပ်များကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးအောင်နိုင်ဦးက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဆေးလိပ်မသောက်သူများ၏ နစ်နာမှုများ ကာကွယ်ရေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် အမြင်သစ် လူမှုဘဝမြှင့်တင်ရေးအသင်းမှ ဆေးလိပ်မသောက်သူများ၏ နစ်နာမှုများကာကွယ်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ် ဆွေးနွေးပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမြင်သစ် လူမှုဘဝမြှင့်တင်ရေးအသင်း နာယက ဒေါက်တာခင်မောင်လွင်က ဆေးလိပ်ကြောင့် နစ်စဉ်အသက်ဆုံးရှုံးမှုသည် HIV၊ AIDS၊ ငှက်ဖျား၊ တီဘီရောဂါများထက် အဆမတန်မြင့်မားလျက်ရှိကြောင်း၊ ဆေးလိပ်သောက်သုံးမှုကြောင့် အသက်ဆုံးရှုံးမှုတွင် ဆေးလိပ်သောက်သူများသာ မဟုတ်ဘဲ မသောက်သူများလည်း ပါဝင်ကြောင်း၊ ဆေးလိပ်မီးခိုးများ ရှူရှိုက်နေကြရသဖြင့် သောက်သူများကဲ့သို့ပင် ရောဂါခံစားနေရခြင်းတို့ဖြစ်ပွားလျက်ရှိကြောင်း၊ လူအများဆုံးနေရာများရှိ အမိုးအကာများအောက်တွင် ဆေးလိပ်မသောက်စေဘဲ သတ်မှတ်ပေးသည့်နေရာ၌သာ သောက်ကြရန် ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတို့ကို ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းပေးထားကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

လူအများဆုံးရှိရာနေရာများ၌ ဆေးလိပ်မသောက်ရနေရာများအဖြစ် သတ်မှတ်ထားပြီး သောက်လျှင် ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်။ စားသောက်ဆိုင်များ၌ ဆေးလိပ်မရောင်းလျှင်၊ သောက်ခွင့်မရှိလျှင် ဝင်ငွေလျော့သွားမည်ဟု ထင်မှတ်ကြကြောင်း၊ နိုင်ငံတကာတွင် ဆေးလိပ်မသောက်ရဟု သတ်မှတ်ခြင်းကြောင့် စားသောက်ဆိုင်များ၏ ဝင်ငွေမထိခိုက်ရုံသာမက ပို၍ပင် ဝင်ငွေတိုးပွားကြောင်း ဆွေးနွေးပွဲမှသိရသည်။

အခြားရောဂါများအနက် ဆေးလိပ်ကြောင့်သေဆုံးမှုမှာ သုံးဆခန့်ပိုများကြောင်း၊ ဆေးလိပ်တစ်လိပ်ကြောင့် အသက် ၁၀ မိနစ်တိုသွားစေကြောင်း သုတေသီများက ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## (၂၈)ကြိမ်မြောက်
## သာသနာ့ကျေးဇူးရှင်များပူဇော်ပွဲ
## ပုဂံ-ညောင်ဦး၊ အရိမဒ္ဒန၊ မနောမယိဒ္ဓိဓမ္မာရုံ

နှစ်စဉ်ကျင်းပမြဲဖြစ်သော သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

၁။ ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) - ဆရာတော်ဘဒ္ဒန္တဝိမလတရားပွဲ
၂။ ၈-၇-၂၀၁၉ (တနင်္လာနေ့) - သစ္စာကံဆိုခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သက်ကြီးပူဇော်ပွဲ၊ အသိပညာပေးဆွေးနွေးခြင်း။
၃။ ၉-၇-၂၀၁၉ (အင်္ဂါနေ့) - ထီးတန်ဆောင်စေတီ-တောင်ပရွာရှင်အရဟံမထေရ်မြတ်နှင့် သာသနာ့ကျေးဇူးရှင်များအား ပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကျန်စစ်သား ဥမင်ကျောင်း၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**
**မနောမယိဒ္ဓိဓမ္မာရုံ၊ ပုဂံ-ညောင်ဦး**

**CAREER CORE INSTITUTE**
SQA



**ENGINEER ကောင်းတစ်ဦးဖြစ်လိုပါသလား ?**
**စီးပွားရေးပညာရှင်တစ်ဦးဖြစ်လိုပါသလား ?**

အိပ်မက်တွေကို စနစ်တကျ အကောင်အထည်ဖော်နိုင်ဖို့အတွက် CAREER CORE INSTITUTE မှာဖွင့်လှစ်တဲ့ နိုင်ငံတကာအသိအမှတ်ပြု Advanced Diploma (Awarded by SQA) သင်တန်းများကို အခုပဲ အပ်နှံလိုက်ပါ။

**ELECTRONIC ENGINEERING**
**CIVIL ENGINEERING**
**BUSINESS**

**အခမဲ့ပညာရေးဆွေးနွေးပွဲ**
Date - 23rd June (Sunday)
Time - 1:00pm - 3:00 pm
Venue - Career Core Institute Campus

SCHOLARSHIP AVAILABLE

**JULY INTAKE ENROLL NOW**

"နယ်မှကျောင်းသားများအတွက် အဆောင် စီစဉ်ပေးပါသည်။"

(+95)9-450-33-5500, (+95)9-770- 33-5500
No.28, Aung Zay Ya Street, Kyauk Kone, Yankin Township, Yangon, Myanmar.
info@cci-edu.com | facebook.com/CareerCoreInstitute | www.cci-edu.com


**GW**
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559


**မန္တလာသား**
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166


**KN tech Engineering Group**
Air-Con
Ph: 09-400788135
09-762276128

စာ အုပ် စာ ပေ
လူ့ မိတ် ဆွေ

# ဂုဏ်ထူးဦးအောင်နိုင်
သင်ကြားရေးထောက်ကူပြုစာအုပ်များ




ဖတ်ရှု လေ့လာ၊ ကျက်မှတ်၊ လေ့ကျင့်ခဲ့ကြလို့ ကျွန်တော် ကျွန်မတို့ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ ဂုဏ်ထူးရှင်များ ဖြစ်လာကြပါပြီ။ အင်္ဂလိပ်စာ ဂုဏ်ထူး ရည်မှန်းထားတဲ့ ညီငယ် ညီမငယ်များကိုလည်း ဆရာ ဂုဏ်ထူးဦးအောင်နိုင် ရဲ့ စာအုပ်တွေကို ဝယ်ယူ ဖတ်ရှု လေ့ကျင့်ကြဖို့ စေတနာကောင်းနဲ့ အကြံပြု တိုက်တွန်းရပါတယ်။

အမြို့မြို့ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။ ဖြန့်ချိရေး - 01 252 919



| | | |
|---|---|---|
| ဆသက - ၂၉၁ | မောင်အင်ခန်းဇော်နော် | Eng - 84 (5 D) |
| ဆသက - ၃၄၆ | မောင်စွမ်းထက်သူရိန် | Eng - 82 (6 D) |
| ဆသက - ၄၁၆ | မမေမြတ်နိုးဦး | Eng - 76 (4 D) |
| ဆသက - ၃၆၁ | မောင်စောထက်ဝေလျှံ | Eng - 76 (3 D) |
| ဆသက - ၄၉၇ | မဖွဲ့ယုယကျော်ခင်ဦး | Eng - 75 (4 D) |
| ဆသက - ၄၉၅ | မကြာဖြူနိုင်ဦး | Eng - 75 (3 D) |
| ဆဒမ - ၃၅၁ | မောင်လွင်ခန့်မောင် | Eng - 75 (2 D) |
| ဆသက - ၃၃၉ | မခိုင်ရည်မွန် | Eng - 75 (2 D) |
| ဆသက - ၄၃၆ | မောင်ဇော်ခွန်ဆိုင်း | Eng - 75 (1 D) |

စာကိုလည်း သင်၊ စိတ်ကိုလည်း ဖြင့်ပေးပါတယ်...
# ဒေါက်တာ ဇော်ဦး
PhD(Chem), DFT(YU)
**ဓာတုဗေဒ သင်တန်းကျောင်း**
၉၊ ၁၀ တန်း (သင် / ကျက် / စစ်) ဘဦး 'ဝိုင်း'
တိုက်(၆/၂၇)၊ လှိုင်ရတနာအိမ်ရာ၊ (၉)ရပ်ကွက်၊ သံလမ်းမှတ်တိုင်၊ လှိုင်။
ဖုန်း ၀၉ ၂၅၂၂၂၁၀၃၂၀၊ ၀၉၄၅၇၅၃၃၅၀၂၂

ပြင်ပဖြေ ကျောင်းသား/သူများ
၄.၇.၂၀၁၉ ဝပည်။
■ တနင်္လာ မှ ကြာသပတေး ၄း၀၀ နာရီ မှ ၉း၃၀ နာရီအထိ
■ စနေ + တနင်္ဂနွေ ၂း၃၀ နာရီ မှ ၉း၃၀ နာရီအထိ

ကျွန်ုပ်တို့အတွက် မိခင်မရှိလျှင် သင့်ဘဝ ခြောက်ကပ်နေသလို၊ ဖခင်မရှိလျှင်လည်း ကျွန်ုပ်တို့ အနာဂတ် ခြောက်ကပ်သွားသလို ခံစားရပါတယ်။

**မိဘဂုဏ် ကိုထွေးမှ** အဆင့်မြင့် Steel ဘလိပ်ဓါးသွားဆုံးကြိုးများကို Steel တန်းကြီး Steel တုတ်ကြိုးအသုံးပြုလျက် စျေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခမဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၁၂)၊အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး၊ သာကေတမြို့နယ်။
အမှတ်(၁၂/၈၈၄)၊ ပင်လုံလမ်းမကြီး၊ ၃၄/ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
Ph : 09 - 5064145, 09-420060449, 09-250058416

# (၂၄)လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် *Nawaday 4 Storey Shop House*



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ၆၀ပေ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦဖြစ်ပါသည်။

**ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**




NISSAN INTELLIGENT MOBILITY

DARE THE DRIVE
WITH 4WD

TEST DRIVE EVENT

- 22 - 23 JUNE 2019
- 9 AM - 6 PM
- JUNCTION SQUARE, YANGON

REGISTER NOW!
09-420156165

Distributor
EDARAN TAN CHONG MOTOR (MYANMAR) CO., LTD.
/NissanMyanmar
nissan.com.mm

Authorized Dealer:

YANGON
E-GARAGE
Kamaryut Township
Tel: 09-799 283 478

UNITED DIAMOND MOTOR
Kamaryut Township / South Okkalapa Township
Tel: 09-450 222 600 / 09-257 587 778

MANDALAY
PACIFIC ALLIANCE MOTOR
Mahar Aung Myay Township
Tel: 09-777 700 361

SAGAING
SHWE SAGAING MOTOR SERVICES
Sagaing Township
Tel: 09-965 022 605

NAY PYI TAW
SHIN THANT THIT SAR
Zabu Thiri Township
Tel: 09-404 080 123

10%
of vehicles hire purchase down payment

10% OFF
on accessories and parts

1%
services charges for up to 5 years vehicles loan

1 year
vehicles insurance free

ဤကြော်ငြာဖြတ်ပိုင်းအား ယူဆောင်လာ၍
ကြိုက်နှစ်သက်ရာ Mazda ကားတစ်စီးဝယ်ယူပြီး
Black Box လက်ဆောင်တစ်ခု ရယူလိုက်ပါ။



MAZDA PLUS+
Mazda Showroom (YGN - MDY)
22nd – 23rd JUNE 2019

Free One year Annual Fee Waived AYA Visa Credit Card

- T & C Apply
- Trade-in program available

Distributed by Automobile Alliance Co., Ltd. and Services by Cycle & Carriage Automobile Myanmar Co.,Ltd.
Yangon - No.51 Pyay Road, 7 ½ Miles, Mayangone Township.
Mandalay - No.10(A), The Corner of 77th & 35th Street, Maharaungmyay Township.

Yangon: 09 897 837 897 - 01 967 0286
Mandalay: 09 456 111 104 - 09 465 111 105

mazda
AYA Bank
Your Trusted Partner

## အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း
## ဗိုလ်မှူးချုပ်သိန်းနိုင် (ငြိမ်း)
လေ-၁၇၉၃
**အသက် (၆၃) နှစ်**

၁၃-၆-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသောဗိုလ်မှူးချုပ်သိန်းနိုင်(ငြိမ်း)၏ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ လိုအပ်မှုမရှိအောင် ဝိုင်းဝန်းကူညီသတင်းမေးပေးကြပါသော နိုင်ငံတော်သမ္မတ(ငြိမ်း)နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့သမ္မတရုံးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၁)မှ သူငယ်ချင်းများ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့်ဇနီး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တပ်မှူးနှင့် ဆေးဝန်ထမ်းများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာအသီးသီးမှ အရာရှိကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များအားလည်းကောင်း၊ ကွယ်လွန်သူ၏ဇာတိမြေဖြစ်သော ညောင်ကျိုးဒေသမှ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများ၊ မှတ်တမ်းတင်ရုပ်သံရိုက်ကူးပေးပါသော မြဝတီနှင့် MRTV-4 အဖွဲ့သားများ၊ လှူဖွယ်ပစ္စည်းများနှင့် လွမ်းသူ့ပန်းခွေများပေးပို့ကြပါသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူး ဥပကာရတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်မှူးသန့်ဇင်ဦး (ငြိမ်း)
**လေ/၁၉၃၇၊ D.S.A(၂၇)**
**အသက် (၅၅) နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်)-ဒေါ်ဌေးဌေးတို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)-ဒေါ်ခင်သန်းနွဲ့တို့၏ သားသမက်၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၆၁/၉)နေ ဒေါ်ခင်အေးအေးဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ မသဥ္ဇာအောင်၊ မရတနာဦးတို့၏ ကျေးဇူးရှင်ဖခင်၊ ဦးမျိုးမြင့်မောင် (အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်ခင်မြတ်မြတ်ထွေးတို့၏အစ်ကို ဗိုလ်မှူးသန့်ဇင်ဦး(ငြိမ်း)သည် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၏ဖခင် ဦးစံမြတ် အသက် (၈၄) နှစ်သည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်/ရုံးခွဲ/ခရိုင်မြို့နယ်**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဝန်ထမ်းများ**

---

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
### ဦးအောင်လင်း (၆၉)နှစ်
**ဒု-အကောက်ခွန်မှူး (ငြိမ်း)**

ရာသက်ပန်အသင်းဝင်အမှတ်(၁၂၈၇) ဦးအောင်လင်းသည် ၁၈-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဦးကျင်မြ (စက်မှု-၁၊ ထုပ်ပိုး-ငြိမ်း)
**သန်လျင်**
**အသက် (၆၄) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ ထ/၆၀နေ (ဦးညွန့်မောင်-ဒေါ်ခင်စိန်)တို့၏သားငယ်၊ (ဦးကျော်လှိုင်-ဒေါ်မြကြည်)တို့၏ သားသမက်၊ ကိုမိုးဟိန်း-မဇင်နှင်းအိ (Kaung Su Co., Ltd)၊ မောင်မျိုးသော်ဇင်(IGT Co., Ltd)တို့၏ မွေးသဖခင်၊ မြေးတစ်ယောက်၏အဘိုး၊ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် သန်လျင်အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးနေဇာမြင့်လွင်
**ကြေးမုံသတင်းစာတိုက်**
**အသက် (၄၁) နှစ်**

မြင်းခြံမြို့ (၁၂)ရပ်ကွက်နေ ဦးမြင့်လွင်-ဒေါ်ခင်စမ်းမြင့်တို့၏ သားကြီး၊ ဒေါ်ဇင်မာဝင့်(မြန်မာ့သတင်းစဉ်-ပြည်တွင်း)၏ အစ်ကို၊ နေပြည်တော်သတင်းစာတိုက်၊ ဝန်ထမ်းအိမ်ရာနေ ဒေါ်မြင့်မြင့်ဝင်း၏ ချစ်လှစွာသောခင်ပွန်း မအိမေမိုး၏ ဖခင် ဦးနေဇာမြင့်လွင်သည် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

### ဒေါက်တာဝင်းဖေ(ဆမ-၃၅၄၀)
**ကျိုက္ကလီမြို့**
**အသက် (၇၃) နှစ်**

သံတွဲမြို့ စိတ္တသုခလမ်းနှင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ နံ့သာကုန်း၊ ရွှေပြည်အေးလမ်းနေ (ဦးရက်သဲ့-ဒေါ်သက်ခင်)တို့၏သား၊ ကျိုက္ကလီမြို့နေ ဒေါ်အေးသန့်၏ခင်ပွန်း၊ ဒေါ်ခင်မေ၏မောင်၊ (ဦးမောင်ဝင်း)-ဒေါ်ထွေးကြည်တို့၏ညီ၊ ဒေါ်ခင်ဝင်း-ဦးဘုန်းငွေ၊ ဒေါက်တာကိုကိုကြီး-ဒေါ်မြင့်သက်အေး၊ ဦးမြင့်အောင်၊ ဦးရွှေမောင်-ဒေါ်ဦးမြခင်၊ ဒေါက်တာချမ်းသာ-ဒေါ်သီတာဦး၊ ဒေါ်ဖြူဖြူသက်၊ ဦးလူအေး၊ ဒေါ်ချိုချိုသက်-ဦးတင်အောင်မြင့်တို့၏ အစ်ကို ဒေါက်တာဝင်းဖေသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကျိုက္ကလီနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ ရက်တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားကို အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးသိန်းဦး (ရွှေတောင်မော်)
**၁၉၈၄- အင်းစိန်(GTI-M.P)**
**အသက် (၅၉) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၅)လမ်း၊ တိုက် (၁၂)၊ (၅-A)နေ ဒေါ်မြင့်မြင့်လေး၏ခင်ပွန်း၊ မောင်စောပြည့်ဖြိုး-မခင်ငယ်ငယ်ထွန်း၊ မောင်စောပြည့်မိုး-မစုစုယဉ်၊ မောင်အောင်မင်းခန့်တို့၏ဖခင်၊ မောင်လင်းရောင်ခေတ်၏အဘိုး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်တိုက်နယ်နေ ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်စွမ်ကြို၏ မောင်၊ ဒေါ်စန်းစန်းအေး၏အစ်ကို ဦးသိန်းဦးသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ညွန့်တင် (လပွတ္တာ၊ ကန်ဘက်) (၉၃) နှစ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၂၄)၊ ပထမထပ်(ဝဲ)နေ ဒေါ်ဌေးဌေး(သမဝါယမ-ငြိမ်း)၊ ဒေါ်အုန်းအုန်းညွန့်(CHId Bank)၊ ဒေါ်ဥဥခင်(MADB-ငြိမ်း)၊ ဒေါ်နီနီဝင်း(M.P.P.E-ငြိမ်း)၊ ဦးစိုးသိန်း(U.E.C Private School)-ဒေါ်အေးအေးမြတို့၏မိခင်၊ ကိုဉာဏ်ဝေထွန်း(Broad Way Co.,Ltd)-မအိမွန်စိုး(JDS Co.,Ltd)တို့၏ အဘွား၊ မသွန်းဆုခြယ်၏ ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၉ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ မိခင်ကြီးအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်လှခင် (ဖြူး)
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၇၁)နှင့် သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြယမုံအိမ်ရာ၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃)နေ ဦးမောင်လှ၏ချစ်လှစွာသောဇနီး၊ Dr.ဦးသက်လွင်-ဒေါ်ခင်ဖြူဝင်း၊ ဦးမျိုးမြင့်အောင်-ဒေါ်ခင်လုံးဖြူ၊ ဦးအောင်နိုင်-ဒေါ်ယဉ်မျိုးအေး၊ ဦးမျိုးနိုင်-ဒေါ်ကေသွယ်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီး ဒေါ်လှခင်သည် ၁၈-၆-၂၀၁၉ ရက် ည ၁၀း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့)တွင် သင်္ဃန်းကျွန်းမြို့နယ်၊ မြယမုံအိမ်ရာ၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်လှခင် (ဖြူး) (၈၆) နှစ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၇၁)နှင့် သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြယမုံအိမ်ရာ၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃)နေ ဦးမောင်လှ၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဇော်မျိုးမြင့်အောင်-ဒေါ်စပ်သုဒေဝီ (Seapal Marine)၊ ဦးကျော်စိုးမိုးလွင်-ဒေါ်စုမီကို(Royal Furniture)၊ ကိုသက်တင်ဝင်းလွင်-မငြိမ်းငြိမ်းထွဋ်၊ ကိုအောင်မျိုးဝင်း-ဒေါ်တာယဉ်ဖြူဝင်းလွင်(USA)၊ ကိုသီဟဇော်-မစန္ဒီမျိုးမြင့်အောင်၊ (ကိုသက်အောင်လွင်)-မမြတ်မြတ်ဝင်းလှိုင်၊ ကိုသီဟအောင်၊ မခင်သဥ္ဇာ၊ မမေမြတ်သူ၊ ကိုစိုင်းညီမျိုးဆက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်လှခင်သည် ၁၈-၆-၂၀၁၉ ရက် ည ၁၀း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့)တွင် သင်္ဃန်းကျွန်းမြို့နယ်၊ မြယမုံအိမ်ရာ၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးချစ်တိုး (၈၅) နှစ်
**ဆက်သွယ်ရေးနှင့်စာတိုက်စစ်ဆေးရေးမှူး-ငြိမ်း၊ ရွှေဘိုမြို့**

ရွှေဘိုမြို့ အောင်ဇေယျရပ်ကွက်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်နေ ဒေါ်အေးအေးသွင်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အထက-၃၊ ရွှေဘို)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းကျော်မျိုး)-ဒေါ်စမ်းစမ်းမြင့်၊ ဦးလှရှောင်(ဒု-ညွှန်မှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)-ဒေါ်ချိုချိုတို့၏အစ်ကိုကြီး၊ အမှတ်(B2)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်နေ ဒေါက်တာကျော် ကျော်မိုး(ပါမောက္ခ/ဌာနမှူး)-ဒေါက်တာလှလှမိုး(တွဲဖက်ပါမောက္ခ)၊ ရဲမှူးဝင်းကျော်(ရဲတပ်ရင်း-၁၁၊ တောင်ငူမြို့)-ဒေါက်တာအေးအေးခိုင် (ပါမောက္ခ၊ မုံရွာနည်းပညာတက္ကသိုလ်)၊ ဦးသန်းဇော်(စစ်ဆေးရေးဌာန၊ YCDC)-ဒေါ်မြတ်သီတာတိုး (ထုတ်လုပ်ရေးဌာန၊ YCDC)၊ ဦးမျိုးမင်းချစ် (ခေတ္တ-စင်ကာပူ)-ဒေါ်ဝင်းလဲ့ဖြူ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မယွန်းဝတီမျိုး(ခေတ္တ-စင်ကာပူ)၊ မရွှန်းလဲ့မေ (အထက-၄၊ ဗိုလ်တထောင်)တို့၏အဘိုးသည် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်းနေအိမ်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ ရေဆင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးဝင်းမြင့်
**မြို့နယ်တရားသူကြီး (ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ**
**အသက် (၆၇) နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်(၇)၊ အခန်း(၃၀၃)နေ (ဦးဖိုးထွန်း-ဒေါ်ညွန့်ရင်)တို့၏သား၊ (ဦးမောင်ငယ်-ဒေါ်ဝေ)တို့၏သားသမက်၊ ဒေါ်နန်းသန်းခင်၏ခင်ပွန်း၊ ကိုနိုင်မင်းထွန်း-မနန်းယဉ်မွန်ထွန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မစံရတီထွန်း၏အဘိုးသည် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်ငြိမ်းရင်
**အသက် (၁၀၂) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာအုပ်စု၊ ငါးဘတ်အင်းမြောက်ရပ်ကွက်နေ (ဦးကုလား)၏ ချစ်လှစွာသောဇနီး၊ (ဦးစိန်မြိုင်)-ဒေါ်သိန်းကြည်၊ (ဦးမြဆန်း-ဒေါ်တင်စိန်)၊ ဦးထွန်းကြည်-ဒေါ်သန်းအိ၊ ဦးထွန်းရီ-ဒေါ်ဝင်းရီ၊ ဦးအုန်းငွေ-ဒေါ်ကံစိန်၊ ဦးတင်အုန်း-ဒေါ်ခင်စန်း၊ ဦးထွန်းလွင်ဦး-ဒေါ်ထွေးမြင့်၊ ဒေါ်ပုတူး၊ ဦးချိုကြီး-ဒေါ်သက်သက်အောင်၊ ဦးဝင်းနိုင်-ဒေါ်မိုးမိုးသူ၊ ဒေါ်ကြည်၊ ဦးအောင်နိုင်ဦး (မြန်မာ့အလင်း)၊ ဦးစန်းလင်းသိန်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၃၃ ယောက်၊ မြစ် ၄၁ ယောက်တို့၏ဘွားဘွားကြီး ဒေါ်ငြိမ်းရင်သည် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ညွန့်တင် (လပွတ္တာ၊ ကန်ဘက်) (၉၃)နှစ်
**ကန်တော့ခံအဘွား**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၂၄)၊ ပထမထပ်(ဝဲ)နေ ဒေါ်ဌေးဌေး(သမဝါယမ-ငြိမ်း)၊ ဒေါ်အုန်းအုန်းညွန့်(CHId Bank)၊ ဒေါ်ဥဥခင်(MADB-ငြိမ်း)၊ ဒေါ်နီနီဝင်း(M.P.P.E-ငြိမ်း)၊ ဦးစိုးသိန်း(U.E.C Private School)-ဒေါ်အေးအေးမြ တို့၏မိခင်၊ ကိုဉာဏ်ဝေထွန်း(Broad Way Co.,Ltd)-မအိမွန်စိုး(JDS Co.,Ltd)တို့၏အဘွား၊ မသွန်းဆုခြယ်၏ ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၉ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ယောဂီဆောင်၊သံဃာဆောင်၊မဏ္ဍာရုံ ဒါယိကာမကြီး**
### ဒေါ်စိန်မွေး (စွန်းလွန်းယောဂီ၊ သုံးခွ)
**အသက် (၉၂) နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၈၁)၊ မြေညီထပ်(ဝဲ)နေ (ဦးခေတ်စိန်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သန်း-(ဒေါ်ရင်ကြူ)၊ ဒေါ်ရင်တီ၊ ဦးဝင်းကြိုင်-ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းဝင်း-ဒေါက်တာစန်းစန်းဌေး (ခေတ္တ-USA)၊ ဦးအောင်သန်း-ဒေါ်မာမာစန်း(ခေတ္တ-USA)၊ ဦးဝမ်းတင်-ဒေါ်နွဲ့ယဉ်ဟန် (JF Group)၊ ဦးအောင်လင်း-ဒေါ်နွဲ့နွဲ့ဝင်း(Y2K Plastic)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား၊ (ဦးညို-ဒေါ်ခင်ကြည်)တို့၏ ညီမ၊ ဦးအောင်သိန်း-ဒေါ်လှမြင့်တို့၏ အစ်မသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ် မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားသမီးမြေးတစ်စု

---

**ရဟန်း၊ ကျောင်းဒါယကာကြီး**
### ဦးစံထွန်း
**အသက် (၈၉) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်(၅၉)၊ (၅-ဘီ)နေ (ဦးဘငြိမ်း-ဒေါ်အေး)တို့၏ သားကြီး၊ (ဦးထွန်းနေ-ဒေါ်မြကြည်)တို့၏ သားသမက်၊ ဒေါ်ခင်တင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဉာဏ်ဝင်း-ဒေါ်လှလှအေး၊ ဦးထင်ကျော်၊ (ဦးသန့်ဇင်)-ဒေါ်ဝါဝါအေး၊ ဦးထွန်းတင့်ဝေ (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းအေးတို့၏ဖခင်၊ မအိမ့်သဥ္ဇာဉာဏ် (APEX AND International Co.,Ltd)၊ မခိုင်မြတ်မွန်ဉာဏ် (ERA Myanmar)၊ မဆုရွှေရည်ထွန်း(သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်)၊ မောင်အောင်ပြည့်စုံထွန်း၊ မောင်ခန့်ဇေယျာထွန်း (Grade-6, ICEC)၊ မောင်ရှင်းသန့်အောင်၊ မောင်လင်းသန့်အောင်(Grade-1၊ အထက-၄၊ ပုဇွန်တောင်)တို့၏ အဘိုးသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စန်းဝင်း
**အသက် (၅၄) နှစ်**

မန္တလေးမြို့နေ (ဦးတင်အုန်း-ဒေါ်သန်းမြင့်)တို့၏သမီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်၊ မြိုင်သာယာကျေးရွာနေ (ဦးအေး)-ဒေါ်မြသန်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားဝင်း၊ စီနီအရာရှိရိပ်သာနေ ဦးဇော်လွင်(မန်နေဂျာ၊ သွားလာရေး/တိုင်း-၇၊ ရန်ကုန်)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးကျော်မျိုးဇော်-မလွင်ဇာအောင်၊ မဝင်းသန္တာဇော်၊ Dr.အေးမြတ်မွန်ဇော်တို့၏မွေးသမိခင်၊ မောင်စစ်ပိုင်မျိုးဇော်၏ ချစ်လှစွာသောအဘွားသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဇင်မေစိုး
**(B.Sc-Chemistry)**
**အသက် (၄၉) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၀)၊ မြေညီထပ်နေ (ဦးစိုးသိမ်း)-ဒေါ်ထွေးရင်တို့၏ သမီး၊ (ဒုရဲမှူးဦးဝင်းမြင့်ထူး)၏ ချစ်လှစွာသောဇနီး၊ မသင်းရတနာအေး (အထက-၅၊ ဗိုလ်တထောင်)၏ မိခင် ဒေါ်ဇင်မေစိုးသည် ၁၈-၆-၂၀၁၉ ရက် ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ ရက်တွင် ကျိုစုသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ ရက် နံနက် ၉ နာရီတွင် အထက်ပါ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း ၂၀၂၀/ ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

**နေပြည်တော် ဇွန် ၁၉**

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေများ ဆိုးရွားနေချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၀/ ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့် အစီရင်ခံစာအရ သိရသည်။

**ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်**

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်လာခြင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ခြင်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ အာမခံလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း၊ အခြေခံ အဆောက်အအုံကဏ္ဍတွင် ငွေကြေးသုံးစွဲ ဆောင်ရွက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် စီးပွားရေးတိုးတက်မှု၏ အဓိကမောင်းနှင်အားများဖြစ်ကာ ကဏ္ဍနယ်ပယ်စုံတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻



ရန်ကုန်ဆိပ်ကမ်းရှိ ကုန်သေတ္တာများကို တွေ့ရစဉ်။

## အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ မြန်မာကလပ် MIU ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် ဇွန် ၁၉**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲမတိုင်မီ မြန်မာကလပ် MIU အသင်းသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဇွန် ၁၉ ရက်က ကစားသည့်ပွဲများတွင် အုပ်စု (ခ) ၌ ကမ္ဘောဒီးယားကလပ် Down Town အသင်းက မလေးရှားကလပ် မီလာကာအသင်းကို ငါးဂိုး-လေးဂိုး၊ အုပ်စု (က) ၌ ဗီယက်နမ်ကလပ် ဆန်နာတက်အသင်းက အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ❑



ဇွန် ၁၉ ရက်က အကယ်ဒမီ ကစားသမားများ၏ လူရွေးပွဲ ကျင်းပစဉ်။

## ဆီရီဗိုအိုဆာကာအကယ်ဒမီနှင့် အာဆီယံဘောလုံးအကယ်ဒမီတို့ ခြေစမ်းပွဲအတွက် လူရွေးချယ်ပွဲ ပြုလုပ်

**ရန်ကုန် ဇွန် ၁၉**

ဂျေလိဂ်ကလပ် ဆီရီဗိုအိုဆာကာအသင်းက ကြီးမှူးကျင်းပမည့် ဆီရီဗိုအိုဆာကာ အကယ်ဒမီအသင်းနှင့် အာဆီယံအကယ်ဒမီအသင်းတို့၏ခြေစမ်းပွဲ အာဆီယံ Dreams Come True Project မြန်မာနိုင်ငံအတွက် လူရွေးချယ်ပွဲကို

**စာမျက်နှာ ၈ ကော်လံ ၃ သို့** »»

**ကြေးမုံ ယနေ့ ဖတ်စရာ**


**သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးဂြိုဟ်တုအား ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်**
စာမျက်နှာ » ၁၂

**ရေပေါ်နျူကလီးယား ဓာတ်အားပေးစက်ရုံ ရုရှားထုတ်ဖော်ပြသ**
စာမျက်နှာ » ၁၃

**မန္တလေးမြို့ရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းလျှောက်လွှာများ စတင်ရောင်းချ**
စာမျက်နှာ » ၁၇



